***တစ်လအတွင်းနိုင်ငံရေးအကျဉ်းသားများသတင်း(၂၀၀၉ခုနှစ် ဧပြီလ)***

***နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)***

## လက်ရှိအခြေအနေအကျဉ်းချုပ်

မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားစုစုပေါင်း ၂၁၅၄ယောက်ရှိပါသည်။

| အမျိုးအစား | အရေအတွက် |
|---|---|
| ဘုန်းကြီးများ | ၂၂၀ |
| အမတ်များ | ၁၅ |
| ကျောင်းသားများ | ၂၈၃ |
| အမျိုးသမီးများ | ၁၈၇ |
| NLD အဖွဲ့ဝင်များ | ၄၆၅ |
| လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများကွန်ယက်မှအဖွဲ့ဝင်များ | ၄၃ |
| လူမျိုးစုများ | ၂၀၃ |
| နာဂစ်မုန်တိုင်းဒုက္ခသည်များအားကူညီစောင့်ရှောက်သူများ | ၂၁ |
| ဆရာများ | ၂၇ |
| သတင်းနှင့်စာနယ်ဇင်းမှတက်ကြွလှုပ်ရှားသူများ | ၅၀ |
| ရှေ့နေများ | ၁၁ |
| ကျန်းမာရေးအခြေအနေဆိုးရွားသူများ | ၁၂၇ |

၂၀၀၇၊ ဩဂုတ်လ ဆန္ဒပြပွဲများမှ အစပြု၍ ပြီးခဲ့သောစက်တင်ဘာလ ရွှေဝါရောင်တော်လှန်ရေးအတွင်း ဖမ်းဆီး ထိန်းသိမ်း ခံခဲ့ရသော တက်ကြွလှုပ်ရှားသူ စုစုပေါင်း - ၁၀၈၁ - ဦးထိ ရှိပါသည်။




ယခုဖေါ်ပြပါသတင်းများသည် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်းအချက်အလက်များနှင့် သတင်းဌာနများမှဖေါ်ပြသောသတင်းများကို နှိုင်းယှဉ်ကိုက်ညှိ၍ဖေါ်ပြထားခြင်းဖြစ်ပါသည်။ အခြေအနေများသည် အချိန်နှင့်အမျှပြောင်းလဲနေသောကြောင့် မျက်မှောက်အခြေအနေများကို နေ့စဉ်သတင်းစာမျက်နှာများတွင် ဖတ်ရှုခြင်းဖြင့်.သိရှိနိုင်ပါသည်။ အကယ်၍ ဤသတင်းမှတ်တမ်းစဉ်ကို ထပ်ဆင့်ဖြန့်ဝေလိုပါလျှင် မူလသတင်းဌာနများနှင့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်းများမှ မှီငြမ်းကြောင်း ဖေါ်ပြပေးပါရန်။

## မျှတမှုမရှိသောတရားစီရင်မှုများ

ဧပြီ ၂၀၀၉ အတွင်း၌ စစ်အစိုးရ၏ ဖမ်းဆီးထိမ်းသိမ်းခြင်းခံရသူပေါင်း ၁၅ - ဦး ရှိခဲ့ပြီး၊ တစ်ဘက်သက် စွပ်စွဲခံရပြီး ထောင်သွင်းအကျဉ်းချခံရသူ ၇ - ဦး၊ မိသားစုနှင့်ဝေးလံသောဒေသရှိ ထောင်များသို့ ပြောင်းရွှေ့ ခံရသူ ၁၆ - ဦး ရှိခဲ့ပြီး၊ နိုင်ငံရေးအကျဉ်းသား ၁၃ - ဦးမှာ ယခုလအတွင်း ကျန်းမာရေး အခြေအနေ ဆိုးရွား လျက်ရှိကြောင်းသိရ၊ နိုင်ငံရေးအကျဉ်းသား ၈ -ဦးမှာ ထောင်အသီးသီးမှ ထောင်ကျသည့် နှစ်ပြည့်၍ ပြန်လည် လွတ်မြောက်ခဲ့ပါသည်။

## လူ့အခွင့်အရေးဆုချီးမြှင့်ခံရ

၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်အား ကိုရီးယားနိုင်ငံမှ ၂၀၀၉ ခုနှစ် Gwangju လူ့အခွင့်အရေးဆု ချီးမြှင့်ခံရ၊ ကိုမင်းကိုနိုင်သည် ရှမ်းပြည်အရှေ့ပိုင်းရှိ ကျိုင်းတုံ ထောင်တွင် ထောင် ဒါဏ် ၆၅ နှစ်ခွဲ ချခံရလျက်ရှိပါသည်။

## နိုင်ငံရေးအကျဉ်းသားများနှင့်၎င်းတို့၏မိသားစုများအပေါ်အာဏာပိုင်များ ဆက်ဆံရေး

27 April 2009

**မန္တလေးထောင်ရှိ နိုင်ငံရေး အကျဉ်းသားတချို့ ထောင်ပြောင်းခံရ**

မန္တလေး အိုးဘိုထောင်ထဲတွင် ကိုယ်ဝန်ပျက်ကျခဲ့သူ မကေသီအောင်နှင့် မန္တလေး တိုင်းစည်း အဖွဲ့ဝင် ၂ - ဦးအား အာဏာပိုင်များက ပြီးခဲ့သည့် လနှောင်းပိုင်းနှင့် ယခုလဆန်းအတွင်း နယ်ထောင်များဆီ ပြောင်းရွှေ့ခဲ့သည်။ မကေသီအောင်ကို တနင်္သာရီတိုင်း ထားဝယ်ထောင်၊ မန္တလေး တိုင်းစည်းအဖွဲ့ဝင် ဒေါ်ဝင်းမြမြကို ကချင်ပြည်နယ် ပူတာအိုထောင်နှင့် မတ္တရာအမတ် ဦးသန်းလွင်ကို ကယားပြည်နယ် လွိုင်ကော်ထောင်သို့ ရွှေပြောင်းပစ်ခဲ့ခြင်း ဖြစ်သည်။ *27 A pril 2009 mizzima*

---

ယခုဖေါ်ပြပါသတင်းများသည် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်း အချက်အလက်များနှင့် သတင်းဌာနများမှဖေါ်ပြသောသတင်းများကို နှိုင်းယှဉ်ကိုက်ညှိ၍ဖေါ်ပြထားခြင်းဖြစ်ပါသည်။ အခြေအနေများသည် အချိန်နှင့်အမျှပြောင်းလဲနေသောကြောင့် မျက်မှောက်အခြေအနေများကို နေ့စဉ်သတင်း စာမျက်နှာများတွင် ဖတ်ရှုခြင်းဖြင့်.သိရှိနိုင်ပါသည်။ အကယ်၍ ဤသတင်းမှတ်တမ်းစဉ်ကို ထပ်ဆင့်ဖြန့်ဝေလိုပါလျှင် မူလသတင်းဌာနများနှင့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်းများမှ မှီငြမ်းကြောင်း ဖေါ်ပြပေးပါရန်။

12 April 2009

**နိုင်ငံရေးအကျဉ်းသား မိသားစုဝင်တွေ ခြိမ်းခြောက်ခံရ**

မြန်မာနိုင်ငံရေးအကျဉ်းသားတွေနဲ့ သူတို့ရဲ့မိသားစုဝင်တွေ တွေ့ကြုံခံစားနေရတဲ့ အခက်အခဲ အကြောင်းတွေနဲ့ပတ်သက်လို့ ပြည်ပသတင်းဌာနတွေကို ထုတ်ပြောမယ်ဆိုရင် ကာယကံရှင် နိုင်ငံရေး အကျဉ်းသားကို ထောင်ပြောင်းပြစ်မယ်လို့ မြန်မာစစ်အစိုးရရဲ့ အာဏာပိုင်တွေက ခြိမ်းခြောက်နေပါတယ်။ နိုင်ငံရေးအကျဉ်းသားတွေဟာ နစ်ရှည်ထောင်ဒဏ်အချခံထားရတာဖြစ်ပြီး မိသားစုဝင်တွေနဲ့ဝေးတဲ့ နယ်ဝေးထောင်တွေစီ အပို့ခံထားရတာဖြစ်လို့ ထောင်ဝင်စာသွားရောက်တွေ့ဆုံကြတဲ့အခါမှာ အခက်အခဲ အမျိုးမျိုးနဲ့ကြုံနေကြရပြီး ၎င်းအခက်အခဲကို ပြည်ပမီဒီယာများကို ထုတ်မပြောဘို့ အာဏာပိုင်တွေက တင်းကြပ်တားမြစ်လာပါတယ်။ *12 April 2009 RFA*, *16 April 2009 irrawaddy*

19 March 2009

အပြင်သတင်းမေးတဲ့ နိုင်ငံရေးအကျဉ်းသား ထောင်ဝင်စာအပိတ်ခံရ

အင်းစိန်ထောင်မှာ အကျဉ်းကျခံနေရတဲ့ နိုင်ငံရေးအကျဉ်းသား ကိုမောင်မောင်မြင့်ကို မိသားစုနဲ့ ထောင်ဝင်စာတွေ့ချိန်မှာ နိုင်ငံရေးသတင်းတွေ ပြောလို့ဆိုပြီး ထောင် အာဏာပိုင်တွေက မိသားစုနဲ့တွေ့ခွင့် တလပိတ်လိုက်ပါတယ်။ ကိုမောင်မောင်မြင့်ရဲ့ အမက ပြီးခဲ့တဲ့အပါတ် ထောင်ဝင်စာတွေ့ချိန်မှာ ကုန်ဈေးနှုန်းကြီးတာတွေ စားဝတ် နေရေး အခြေအနေတွေ ပြောပြတာကို နိုင်ငံရေးစကား ပြောတယ်ဆိုပြီး ၁၉ ရက်နေ့ကစပြီးထောင်ဝင်စာ ပိတ်လိုက်တာ ဖြစ်ပါတယ်။ *05 April 2009 RFA , 04 April 2009 DVB*

03 April 20

**နိုင်ငံရေးအကျဉ်းသားများကိုရပ်ဝေးထောင်များသို့ပြောင်းရွှေ့**

စစ်အစိုးအာဏာပိုင်တွေကထောင်ဒဏ်ချမှတ်ပြီးနိုင်ငံရေးအကျဉ်းသားတွေကို ရပ်ဝေးထောင် များကိုပြောင်းရွှေ့နေပါတယ်။ မန္တလေး အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် စည်းရုံးရေးမှူး ဒေါ်ဝင်းမြမြကို ပူတာအိုထောင်၊ ကိုလှိုင်မျိုးကိုမန္တလေးထောင်၊ ကိုတိုးလွင်ကို စစ်တွေထောင်၊

ယခုဖေါ်ပြပါသတင်းများသည် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်း အချက်အလက်များနှင့် သတင်းဌာနများမှဖေါ်ပြသောသတင်းများကို နှိုင်းယှဉ်ကိုက်ညှိ၍ဖေါ်ပြထားခြင်းဖြစ်ပါသည်။ အခြေအနေများသည် အချိန်နှင့်အမျှပြောင်းလဲနေသောကြောင့် မျက်မှောက်အခြေအနေများကို နေ့စဉ်သတင်း စာမျက်နှာများတွင် ဖတ်ရှုခြင်းဖြင့်.သိရှိနိုင်ပါသည်။ အကယ်၍ ဤသတင်းမှတ်တမ်းစဉ်ကို ထပ်ဆင့်ဖြန့်ဝေလိုပါလျှင် မူလသတင်းဌာနများနှင့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်းများမှ မှီငြမ်းကြောင်း ဖေါ်ပြပေးပါရန်။

ကိုရဲညွန့်ကို မြိတ်ထောင်၊ ကိုကျော်မျိုးသက်ကို တောင်ကြီးထောင်ကို ပို့လိုက်ပါတယ်။03 April 2009 RFA

02 April 2009

**ထောင်ဝင်စာ တွေ့ကြိမ်ပိုပေးဖို့ နိုင်ငံရေးအကျဉ်းသား မိသားစုများလိုလား**

နိုင်ငံရေးအကျဉ်းသားတွေကို တလတကြိမ် ထောင်ဝင်စာတွေ့ခွင့်ပေးထားပေမဲ့ နယ်ဝေးထောင်တွေကို သွားလာရတာခက်ခဲတာကြောင့် မိသားစုတွေ လာရောက်တွေ့ဆုံစဉ်မှာ ရက်ခြားပြီး တကြိမ်ထက်ပိုပြီး တွေ့ခွင့်ပေးသင့်တယ်လို့မိသားစုဝင်တွေက ပြောပါတယ်။02 April 2009 RFA

## ၈၈ကျောင်းသားများအုပ်စု

24 April 2009

**မင်းကိုနိုင် ဂွမ်ဂျူး လူ့အခွင့်အရေး ဆုရ**

၂၀၀၉ ခုနှစ်အတွက် တောင်ကိုရီးယားနိုင်ငံရဲ့ လူ့အခွင့်အရေးဆိုင်ရာ အမြင့်မားဆုံးဆုတခုဖြစ်တဲ့ ဂွမ်ဂျူး လူ့အခွင့်အရေးဆုကို မြန်မာနိုင်ငံက ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်ကို ချီးမြှင့်ဖို့ ရွေးချယ်လိုက်ပါတယ်။ ဒီဆုဟာ တောင်ကိုရီးယား စစ်အာဏာရှင်ဟောင်း ချွန်ဒူးဝမ် ကို ကျောင်းသားတွေက အသက်ပေး တွန်းလှန်ခဲ့ကြတာကို အသိအမှတ်ပြုတဲ့အနေနဲ့ ပေးအပ်တာလည်း ဖြစ်ပါတယ်။ *24 April 2009 VOA* ,*24 April 2009 BBC* , *24 April 2009 DVB* , *24 April 2009 RFA* , *24 April 2009 irrawaddy* , *24 April 2009 mizzima*

20 April 2009

၈၈ ကျောင်းသား ကိုအောင်သူ ကျန်းမာရေးဆိုးရွားနေ

မြန်မာနိုင်ငံ မြောက်ဖက်ဖျားရှိ ပူတာအိုထောင်မှာ နှစ်ရှည်အကျဉ်းကျနေတဲ့ ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့က ကိုအောင်သူရဲ့ကျန်းမာရေးဟာ ဆိုးရွားနေပါတယ်။ သူ့ရဲ့ ခြေသလုံးတွေ၊ ခြေထောက်တွေဟာ နှစ်ဘက်စလုံးသေးသေးသွားပြီး အကြောအား မကောင်းဘဲ ဖြစ်နေပါတယ်။

---

ယခုဖေါ်ပြပါသတင်းများသည် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်းအချက်အလက်များနှင့် သတင်းဌာနများမှဖေါ်ပြသောသတင်းများကို နှိုင်းယှဉ်ကိုက်ညှိ၍ဖေါ်ပြထားခြင်းဖြစ်ပါသည်။ အခြေအနေများသည် အချိန်နှင့်အမျှပြောင်းလဲနေသောကြောင့် မျက်မှောက်အခြေအနေများကို နေ့စဉ်သတင်းစာမျက်နှာများတွင် ဖတ်ရှုခြင်းဖြင့်သိရှိနိုင်ပါသည်။ အကယ်၍ ဤသတင်းမှတ်တမ်းစဉ်ကို ထပ်ဆင့်ဖြန့်ဝေလိုပါလျှင် မူလသတင်းဌာနများနှင့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်းများမှ မှီငြမ်းကြောင်း ဖေါ်ပြပေးပါရန်။

ကိုအောင်သူရဲ့ လျှာဟာလည်းတိုဝင်လာနေပြီး အင်းစိန်ထောင်ကနေ မပြောင်းခင်ကတည်းက မျက်နှာတခြမ်း လေဖြတ်သလို ဖြစ်နေတာကြောင့် လျှာခင် လေဖြတ် မှာလည်း စိုးရိမ်ရပါတယ်။ ပူတာအိုထောင်ဟာ ကျန်းမာရေး စောင့်ရှောက်မှု နည်းပါးပြီး ရာသီဥတုကလည်း အရမ်းအေးတဲ့ ဒေသဖြစ်ပါတယ်။ *20 April 2009 DVB*

06 April 2009

### နိုင်ငံရေး အခွင့်အလမ်းကောင်း စစ်အစိုးရ ဆုပ်ကိုင်ဖို့ ၈၈ ကျောင်းသားအုပ်စု တိုက်တွန်း

မြန်မာနိုင်ငံအပေါ် နိုင်ငံတကာရဲ့ အရေးယူပိတ်ဆို့ ဒဏ်ခတ်မှုတွေ ဖယ်ရှားသွားစေချင်ရင် စစ်အစိုးရအနေနဲ့ လူ့အခွင့်အရေးတွေ လေးစားလိုက်နာပြီး ပြုပြင်ပြောင်းလဲမှုတွေ လုပ်ပြရမယ်လို့ ၈၈ မျိုးဆက် ကျောင်းသားတွေက ပြောကြားလိုက်ပါတယ်။ အရေးယူဒဏ်ခတ်မှုတွေ အဆုံးသတ်သွားအောင် လုပ်နိုင်မယ့်သူဟာ စစ်အစိုးရသာ ဖြစ်တယ်လို့ဒီနေ့ နေ့စွဲနဲ့ ၈၈ မျိုးဆက်ကျောင်းသားတွေက စစ်အစိုးရကိုပေးတဲ့ အိတ်ဖွင့်ပေးစာထဲမှာ ဖော်ပြထားပါတယ်။ *06 April 2009 VOA*

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်များ

28 April 2009

### တွံတေးအဖွဲ့ချုပ်ဝင် နှစ်ဦးကို ဒုတိယအကြိမ်ရုံးထုတ်

နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေး ဘုရားမှာ ဝတ်ပြုဆုတောင်းပြီးနောက် အဖမ်းခံရတဲ့ တွံတေး အန်အယ်ဒီ ဒု- ဥက္ကဌ ဦးချစ်ဖေနဲ့ မြို့နယ်စည်းရုံးရေးမှူး ကိုအောင်စိုးဝေတို့ကို တွံတေးမြို့နယ် တရားရုံးမှာ ဒီနေ့ရုံးထုတ်ပါတယ်။ ဒီလ ၂၁ ရက်နေ့က တွံတေးမြို့နယ် ဇီးဖြူကုန်းကျေးရွာမှာရှိတဲ့ ဖက်တရာဘုရားမှာ ပြုလုပ်တဲ့ ဝတ်ပြုဆုတောင်းပွဲအပြီး ဒေသခံရဲတွေက ဖမ်းဝရမ်းမပါဘဲ ဖမ်းဆီးခဲ့တာ ဖြစ်ပါတယ်။ *28 April 2009 DVB* , *28 April 2009 RFA* ,

---

ယခုဖော်ပြပါသတင်းများသည် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်း အချက်အလက်များနှင့် သတင်းဌာနများမှဖော်ပြသောသတင်းများကို နှိုင်းယှဉ်ကိုက်ညှိ၍ဖော်ပြထားခြင်းဖြစ်ပါသည်။ အခြေအနေများသည် အချိန်နှင့်အမျှပြောင်းလဲနေသောကြောင့် မျက်မှောက်အခြေအနေများကို နေ့စဉ်သတင်း စာမျက်နှာများတွင် ဖတ်ရှုခြင်းဖြင့်.သိရှိနိုင်ပါသည်။ အကယ်၍ ဤသတင်းမှတ်တမ်းစဉ်ကို ထပ်ဆင့်ဖြန့်ဝေလိုပါလျှင် မူလသတင်းဌာနများနှင့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်းများမှ မှီငြမ်းကြောင်း ဖော်ပြပေးပါရန်။

25 April 2009

**ပျောက်ဆုံးနေသော အန်အယ်ဒီ အဖွဲ့ဝင် ၃ ဦး အင်းစိန်ထောင်တွင် ရောက်ရှိ**

ဖမ်းဆီးခံရပြီး တလကျော် ပျောက်ဆုံးနေသူ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ဝင် ၄ - ဦးမှ ၃ - ဦးသည် ယခုလအတွင်း အင်းစိန်ထောင်တွင် ထိန်းသိမ်းခံထားရကြောင်း သိရသည်။ ပြီးခဲ့သည့်လအတွင်း အဖမ်းခံရသူ အန်အယ်ဒီ အဖွဲ့ဝင် ဦးစိန်လှိုင် (စမ်းချောင်း)၊ ဦးရွှေဂျိုး (လှိုင်)၊ မချို ခေါ် ဒေါ်မြင့်မြင့်စန်း (အလုံ) နှင့် ဦးကြည်လွင် (တောင်ဒဂုံ) တို့ကို မည်သည့်နေရာတွင် ထားရှိသည်ကို မသိရှိရဘဲ ပျောက်နေရာ ယခုလ (၂၀) ရက်နေ့ကမှ အင်းစိန်ထောင် သီးသန့်ဆောင်သို့ ရောက်ခဲ့ကြောင်း ယမန်နေ့က ထောင်ဝင်စာ သွားတွေ့သူ နိုင်ငံရေးအကျဉ်းသား မိသားစုဝင်များက သိခဲ့ရခြင်း ဖြစ်သည်။ ဖမ်းဆီးခံရသူ ၄ - ဦးထဲမှ ရန်ကုန်တိုင်း တောင်ဒဂုံမြို့နယ်မှ အန်အယ်ဒီ စည်းရုံးရေး အဖွဲ့ဝင်ဟောင်း ဦးကြည်လွင်မှာ ယခုလ (၈) ရက်နေ့က တောင်ငူ စစ်ကြောရေးမှ ပြန်လွှတ်ခဲ့သူ ဖြစ်သည်။ *25 April 2009 mizzima*

**24 April 2009**

**ဗုံးဖောက်ခွဲမှုနှင့် ပတ်သက်သည်ဟုဆိုကာ လူငယ်တဦးကိုညှင်းပန်းနှိပ်စက်နေ**

ပြီးခဲ့တဲ့ မတ်လ (၂၆) ရက်နေ့က ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် တော်ဝင်နန်းတည်းခိုခန်းမှာ ဗုံးပေါက်ကွဲမှုနဲ့ ပတ်သက်ပြီး အာဏာပိုင်တွေက အဖွဲ့ချုပ် လူငယ်တဦးဖြစ်တဲ့ ကိုငယ်လေးကို ကမာရွတ်မြို့နယ် ရဲအုပ်ဝင်းအောင် ဦးဆောင်ပြီး ဗုံးပေါက်ကွဲမှုနဲ့ပတ်သက်ပြီး အတင်းအကျပ် ဝန်ခံခိုင်းပြီး ဖိနှပ်နဲ့ ပါးရိုက်နှိပ်စက်နေပါတယ်။ *24 April 2009 DVB*

24 April 2009

**အစိုးရကိုထိခိုက်စေမှုဖြင့် အဖွဲ့ချုပ်ဝင်တဦးကိုတရားစွဲ**

ဒဂုံမြို့သစ်တောင်ပိုင်းက အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဝင် ကိုကြည်လွင်ကို မနေ့က တရားရုံးထုတ် စစ်ဆေးရာမှာ သူ့ကိုအာဏာပိုင်တွေက ပြီးခဲ့တဲ့တလကျော်မှာ စာရွက်စာတမ်း လက်ဝယ်တွေရှိမှုနဲ့ ဖမ်းဆီးခဲ့ပြီး ပုဒ်မ ၅၀၅ ( ခ ) နဲ့ အစိုးရ သို့မဟုတ်နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေမှုနဲ့ တရားစွဲဆိုထားပါတယ်။ ကိုကြည်လွင်ဟာ အများပြည်သူတွေနဲ့ နစ်နာဆုံးရှုံးမှုတွေမှာ ကူညီဆောင်ရွက်

---

ယခုဖေါ်ပြပါသတင်းများသည် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်း အချက်အလက်များနှင့် သတင်းဌာနများမှဖေါ်ပြသောသတင်းများကို နှိုင်းယှဉ်ကိုက်ညှိ၍ဖေါ်ပြထားခြင်းဖြစ်ပါသည်။ အခြေအနေများသည် အချိန်နှင့်အမျှပြောင်းလဲနေသောကြောင့် မျက်မှောက်အခြေအနေများကို နေ့စဉ်သတင်း စာမျက်နှာများတွင် ဖတ်ရှုခြင်းဖြင့်.သိရှိနိုင်ပါသည်။ အကယ်၍ ဤသတင်းမှတ်တမ်းစဉ်ကို ထပ်ဆင့်ဖြန့်ဝေလိုပါလျှင် မူလသတင်းဌာနများနှင့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်းများမှ မှီငြမ်းကြောင်း ဖေါ်ပြပေးပါရန်။

ပေးနေသူဖြစ်ပြီး သူလက်ထဲမှာ ဘာစာရွက်စာတမ်းမှမရှိပေမဲ့ အာဏာပိုင်တွေက လုပ်ကြံဖမ်းဆီးတာဖြစ်ပါတယ်။ *24 April 2009 DVB*

22 April 2009

**တွံတေးအဖွဲ့ချုပ်ဝင် နှစ်ဦးကိုရုံးထုတ်**

ပြီးခဲ့တဲ့ အင်္ဂါနေ့က ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် ဝတ်ပြုဆုတောင်းသူ တွံတေးမြို့နယ် အန်အယ်ဒီအဖွဲ့ဝင်နှစ်ဦးကို ဒီနေ့မှာရုံးထုတ်ပါတယ်။ သူတို့နှစ်ဦးကို သာသနာညှိုးနွမ်းစေမှုနဲ့ တရားဆွဲဆိုထားပြီး အာမခံမပေးဘဲ အမှုကိုရင်ဆိုင်နေရပါတယ်။ *22 April 2009 DVB* ,*21 April 2009 RFA* , *22 April 2009 mizzima* , *23 April 2009 irrawaddy*

21 April 2009

တွံတေးမြို့နယ် အင်္ဂါဝတ်ပြုဆုတောင်းအဖွဲ့ဝင်နှစ်ဦး ဖမ်းဆီးခံရ

ရန်ကုန်တိုင်း တွံတေးမြို့နယ် ဇီးဖြူကုန်းကျေးရွာက အင်္ဂါဝတ်ပြုဆုတောင်းပွဲမှာ အဖွဲ့ချုပ်ဝင် ဒုဥက္ကဌ ဦးချစ်ဖေနဲ့ မြို့နယ်စည်းရုံးရေးမှူး ကိုအောင်စိုးဝေတို့ကို ဝတ်ပြုဆုတောင်းပွဲအပြီး ဒီနေ့မနက်ပိုင်းမှာ အာဏာပိုင်တွေက ဖမ်းဆီးလိုက်တာ ဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ အခြား အဖွဲ့ချုပ်ဝင်များနှင့်အတူ နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ဖို့အတွက် ဝတ်ပြုဆုတောင်းပြီး တဲ့နောက် အခုလို အဖမ်းခံရတာ ဖြစ်ပါတယ်။ 21 April 2009 DVB 21 April 2009 RFA

4 April 2009

**ဓါတ်ပုံဆရာ ကိုသိန်းလွင် ပြန်လွတ်**

---

ယခုဖေါ်ပြပါသတင်းများသည် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်းအချက်အလက်များနှင့် သတင်းဌာနများမှဖေါ်ပြသောသတင်းများကို နှိုင်းယှဉ်ကိုက်ညှိ၍ဖေါ်ပြထားခြင်းဖြစ်ပါသည်။ အခြေအနေများသည် အချိန်နှင့်အမျှပြောင်းလဲနေသောကြောင့် မျက်မှောက်အခြေအနေများကို နေ့စဉ်သတင်းစာမျက်နှာများတွင် ဖတ်ရှုခြင်းဖြင့်.သိရှိနိုင်ပါသည်။ အကယ်၍ ဤသတင်းမှတ်တမ်းစဉ်ကို ထပ်ဆင့်ဖြန့်ဝေလိုပါလျှင် မူလသတင်းဌာနများနှင့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်းများမှ မှီငြမ်းကြောင်း ဖေါ်ပြပေးပါရန်။

## [တစ်လအတွင်းနိုင်ငံရေးအကျဉ်းသားများသတင်း(၂၀၀၉ခုနှစ် ဧပြီလ)]

## [နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)]

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင် ကိုသိန်းလွင်ကို ဖေဖော်ဝါရီလ (၁၁) ရက်နေ့တွင် အာဏာပိုင်များက ဖမ်းဆီးထိန်းသိမ်းထားရာမှ ယနေ့တွင်ပြန်လည်လွှတ်ပေးလိုက်သည်ဟု နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း ( AAPP ) မှ ထုတ်ပြန်ကြေညာသည်။ 4 April 2009 AAPP

3 April 2009

**နိုင်ငံရေးအကျဉ်းသားများကို ရပ်ဝေးထောင်များသို့ ဆက်လက်ပြောင်းရွှေ့**

ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေး ဆိုင်းဘုတ်ကိုင်ဆောင်ပြီး လမ်းလျှောက်လို့အဖမ်းခံရတဲ့ ရွှေပြည်သာမြို့နယ်က မထက်ထက်ဦးဝေရဲ့အမှုတွဲတွေကိုလည်း နယ်ထောင်အသီးသီးပို့လိုက်ရာမှာ ကိုထွန်းထွန်းဝင်းကို မြိတ်ထောင်၊ ကိုဝင်းမြင့်ခေါ် ပဲပြုတ်ကို မန္တလေးထောင်၊ ပို့လိုက်တယ်လို့သိရပြီး မထက်ထက်ဦးဝေကိုတော့ ဘယ်ထောင်ကို ပို့လိုက်တယ်ဆိုတာ မသိရသေးပါဘူး။ *3 April 2009 RFA*

## ဘုန်းကြီးများ

တစ်ဘက်သတ်ဖမ်းဆီးထိန်းသိမ်းအကျဉ်းချခံထားရသော ရဟန်းသံဃာပေါင်း ၂၂၀ - ဦးရှိပါသည်။ သံဃာခေါင်းဆောင် အရှင်ဂမ္ဘီရ၏ ဆွေမျိုးတော်စပ်သူ ၂ - ဦးကိုလည်း ရပ်ဝေးထောင်များသို့ပြောင်းရွှေ့ခံခဲ့ရပါသည်။

## အမျိုးသမီးများ

တစ်ဘက်သတ်ဖမ်းဆီးထိန်းသိမ်းအကျဉ်းချခံထားရသော အမျိုးသမီးပေါင်း ၁၈၇ - ဦးရှိပါသည်။

## ရှေ့နေများ

**29 April 2009**

---

ယခုဖေါ်ပြပါသတင်းများသည် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်းအချက်အလက်များနှင့် သတင်းဌာနများမှဖေါ်ပြသောသတင်းများကို နှိုင်းယှဉ်ကိုက်ညှိ၍ဖေါ်ပြထားခြင်းဖြစ်ပါသည်။ အခြေအနေများသည် အချိန်နှင့်အမျှပြောင်းလဲနေသောကြောင့် မျက်မှောက်အခြေအနေများကို နေ့စဉ်သတင်းစာမျက်နှာများတွင် ဖတ်ရှုခြင်းဖြင့်သိရှိနိုင်ပါသည်။ အကယ်၍ ဤသတင်းမှတ်တမ်းစဉ်ကို ထပ်ဆင့်ဖြန့်ဝေလိုပါလျှင် မူလသတင်းဌာနများနှင့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်းများမှ မှီငြမ်းကြောင်း ဖေါ်ပြပေးပါရန်။

### ရေနေဦးဖိုးဖြူအတွက်အယူခံ မကွေးခရိုင်တရားရုံးက လက်ခံ

ထောင်ဒဏ်လေးနှစ်ကျနေတဲ့ ရေနေဦးဖိုးဖြူအတွက် လာမယ့်မေလ (၇) ရက်နေ့ကျရင် ခရိုင်တရားရုံးမှာ လျှောက်လဲချက် ပေးတော့မှာဖြစ်ပါတယ်။ မကွေးတိုင်းက လယ်သမားတွေရဲ့ လယ်မြေကေ ထောင်ပေါင်းများစွာကို စစ်တပ်က သိမ်းတဲ့အပေါ် လယ်သမားတွေက အပြည်ပြည်ဆိုင်ရာ အလုပ် သမားရေးရာ အဖွဲ့ချုပ် (အိုင်အယ်အို) ကို တိုင်ကြားရင်း ဖမ်းဆီးတရားစွဲခံရတဲ့အမှုမှာ ဦးဖိုးဖြူက လယ်သမားတွေဘက်က လိုက်ပါဆောက်ရွက်နေတုန်း သူကိုယ်တိုင်အဖမ်းခံရပြီး ဒီနှစ် မတ်လလယ်မှာ ထောင်ဒဏ်လေးနှစ် ချမှတ်ခံခဲ့ရတာဖြစ်ပါတယ်။ 29 April 2009 DVB

28 April 2009

### လှုငယ်ရှေနေ ကိုညီညီထွေး ပြန်လွတ်ပြီ

တရားရုံးကို မထီမဲ့မြင်ပြုမှုနဲ့ စွဲချက်တင်ပြီး ထောင်ဒဏ် ၆ လ စီရင်ချက်ချခံရတဲ့ လှုငယ်ရှေနေ ကိုညီညီထွေးဟာ ဒီနေ အင်းစိန်ထောင်မှ ပြန်လည်လွတ်မြောက်လာပါပြီ။ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေး ဝတ်ပြုဆုတောင်းလို့အဖမ်းခံရတဲ့သူတွေရဲ့အမှုကို လိုက်ပါဆောင်ရွက်ပေးနေစဉ် မြောက်ပိုင်းခရိုင်တရားရုံးက ထောင်ဒဏ် ၆ လ စီရင်ချက်ချခဲ့တာ ဖြစ်ပါတယ်။ 28 April 2009 DVB , 29 April 2009 RFA

23 April 2009

### ရှေနေ ကိုဖိုးဖြူ အယူခံဝင်

လယ်အသိမ်းခံရသည်ကို အိုင်အယ်အိုသို့ တိုင်ပေးသဖြင့် အဖမ်းခံရသူအတွက် အမှုလိုက်သူ ရှေ့နေ ကိုဖိုးဖြူအား ထောင်ဒဏ်ချသည်ကို ယမန်နေ့က မကွေးခရိုင် တရားရုံး၌ အယူခံဝင်ခဲ့ကြောင်း သိရသည်။ မကွေးမြို့နယ် တရားရုံးက မတရား အသင်းအဖွဲ့ ပုဒ်မဖြင့် ထောင်ဒဏ် ၄ နှစ်ချခဲ့ရာ ပြစ်မှုဆိုင်ရာ ဥပဒေများနှင့် မကိုက်ညီဟုဆိုကာ သူ၏ အကျိုးဆောင်ရှေ့နေများက ခရိုင်တရားရုံးသို့ အယူခံ တင်သွင်းခြင်း ဖြစ်သည်။ "ကျနော် အယူခံ သွင်းထားပါတယ်။ မကွေးခရိုင် တရားရုံးကနေ အယူခံကို လက်ခံရရှိပါတယ်။ နောက် ၇ ရက်နေ့ကျရင် လျှောက်လဲချက် အပြီးသတ်ဖို့ ချိန်းထားပါတယ်" ဟု ရှေ့နေ ဦးမြင့်သွင်က မဇ္ဈိမကို ပြောသည်။ 23 April 2009 mizzima

---

ယခုဖေါ်ပြပါသတင်းများသည် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်း အချက်အလက်များနှင့် သတင်းဌာနများမှဖေါ်ပြသောသတင်းများကို နှိုင်းယှဉ်ကိုက်ညှိ၍ဖေါ်ပြထားခြင်းဖြစ်ပါသည်။ အခြေအနေများသည် အချိန်နှင့်အမျှပြောင်းလဲနေသောကြောင့် မျက်မှောက်အခြေအနေများကို နေ့စဉ်သတင်း စာမျက်နှာများတွင် ဖတ်ရှုခြင်းဖြင့်.သိရှိနိုင်ပါသည်။ အကယ်၍ ဤသတင်းမှတ်တမ်းစဉ်ကို ထပ်ဆင့်ဖြန့်ဝေလိုပါလျှင် မူလသတင်းဌာနများနှင့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်းများမှ မှီငြမ်းကြောင်း ဖေါ်ပြပေးပါရန်။

## အခြားအဖွဲ့အစည်းများ.

26 April 2009

### မြေသြဇာ အဖွဲ့ဝင်တဦး အဖမ်းခံရ

လူထုအတွက်စတေးခံ မြေသြဇာအဖွဲ့ဝင်တဦးဖြစ်တဲ့ ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ်က ကိုတင်ထွဋ်ပိုင်ကို ဧပြီလ (၁၀) ရက်နေ့ညမှာ နေအိမ်ကနေ အာဏာပိုင်တွေက ဖမ်းဆီးသွားပါတယ်။ ကိုတင်ထွဋ်ပိုင်ရဲ့ မိခင်ဒေါ်ငယ်ဟာလည်း အင်းစိန်ထောင်မှာ ထောင်ဒဏ် ၇ နှစ်ချမှတ်ခံထားရပါတယ်။ *2 6 April 2009 RFA*

24 April 2009

### မျိုးဆက်သစ်တဦး အင်းစိန်ထောင်ထဲတွင် ကျန်းမာရေး ဆိုးရွားနေ

မျိုးဆက်သစ်လူငယ်များ အစည်းအရုံးအဖွဲ့ဝင် ကိုစောမောင်ဟာ အင်းစိန်ထောင်ထဲမှာ ခြေလက်ချိန်နဲ့ပြီး ခန္ဓာကိုယ်အောက်ပိုင်း မလှုပ်ရှားနိုင်တော့တဲ့အထိ ကျန်းမာရေးချွတ်ယွင်းသွားပြီး ထောင်တွင်းမှာလည်း ဆေးကုသခွင့်မရတာကြောင့် စိုရိမ်နေရပြီး အာဏာပိုင်တွေက သူကို မနေ့က ရုံးထုတ်ရာမှာလည်း မိသားစုနဲ့ တွေ့ခွင့်မပေးခဲ့ပါဘူး။ *24 April 2009 DVB*

2 April 2009

### ကိုမိုးထက်လျှံကိုနယ်ဝေးထောင်သို့ပြောင်း

အရှင်ဂမ္ဘီရရဲ့ယောက်ဖတော်ဖြစ်တဲ့ ကိုမိုးထက်လျှံကို မော်လမြိုင်ထောင်သို့ ဧပြီ ၂ ရက်နေ့က ပြောင်းလိုက်သည်ဟု နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းမှ အတွင်းရေးမှူး ကိုတိတ်နိုင်ကပြောပါတယ်။ 2 April 2009 AAPP

---

ယခုဖေါ်ပြပါသတင်းများသည် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်း အချက်အလက်များနှင့် သတင်းဌာနများမှဖေါ်ပြသောသတင်းများကို နှိုင်းယှဉ်ကိုက်ညှိ၍ဖေါ်ပြထားခြင်းဖြစ်ပါသည်။ အခြေအနေများသည် အချိန်နှင့်အမျှပြောင်းလဲနေသောကြောင့် မျက်မှောက်အခြေအနေများကို နေ့စဉ်သတင်း စာမျက်နှာများတွင် ဖတ်ရှုခြင်းဖြင့်သိရှိနိုင်ပါသည်။ အကယ်၍ ဤသတင်းမှတ်တမ်းစဉ်ကို ထပ်ဆင့်ဖြန့်ဝေလိုပါလျှင် မူလသတင်းဌာနများနှင့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်းများမှ မှီငြမ်းကြောင်း ဖေါ်ပြပေးပါရန်။

2 April 2009

**အရှင်ဂမ္ဘီရညီနှင့် ၈၈ ကျောင်းသားဟောင်း ကိုမျိုးသန့်ထောင်ပြောင်း**

သံဃာ့တပ်ပေါင်းစုခေါင်းဆောင်အရှင်ဂမ္ဘီရရဲ့ညီတော်ကိုအောင်ကိုကိုလွင်နဲ့၈၈ကျောင်းသားတွေနဲ့ ဆက်စပ်သူ ကိုဇေယျာဦးတို့ကို အင်းစိန်ထောင်ကနေ ရခိုင်ပြည်နယ် ကျောက်ဖြူထောင်ကို ဒီနေ့ပို့လိုက်တယ်လို့မိသားသုဝင်တွေကပြောပါတယ်။ အရှင်ဂမ္ဘီရရဲ့ညီတော် ကိုအောင်ကိုကိုလွင် ကို ကျောက်ဖြူထောင်ပို့လိုက်ပေမယ့် ကျန်တဲ့ ယောက်ဖတော် ကိုမိုးထက်လျှံနဲ့ မိတ်ဆွေ ၄ ဦးကိုတော့ ထောင်ပြောင်း မပြောင်း မသိရသေးပါဘူး။ သူတို့၆ - ဦးကို ပြီးခဲ့တဲ့ မတ်လ ၁၂ ရက်နေ့က လူဝင်မှုကြီးကြပ်ရေး ဥပဒေ ချိုးဖောက်မှုနဲ့ အင်းစိန်ထောင်အထူးတရားရုံးက အလုပ်ကြမ်းနဲ့ ထောင်ဒဏ် ၅ နှစ်စီချပြီး အခုလို ထောင်ပြောင်းလိုက်တာဖြစ်ပါတယ်။ *02 April 2009 DVB*

## သတင်းစာဆရာများ၊ ဘလောဂါများနှင့် စာရေးဆရာများ

24 April 2009

**သတင်းထောက်နှစ်ဦးဖမ်းဆီး ထိန်းသိမ်းခံရ**

နရဏ္ဍရာ သတင်းဌာနမှ သတင်းထောက်များဖြစ်တဲ့ ကိုမြတ်ထွန်းနဲ့ ကိုခင်မောင်တို့နှစ်ဦးကို ရခိုင်ပြည်နယ် အမ်းမြို့နယ်တွင် ဒေသဆိုင်ရာ အာဏာပိုင်များက ဧပြီလ (၂၄) ရက်နေ့တွင် ဖမ်းဆီးခေါ်ဆောင် သွားကြောင်း နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းမှ ယနေ့ထုတ်ပြန်ကျေညာချက်တွင် ဖေါ်ပြထားပါသည်။ *24 April 2009 AAPP*

09 April 2009

**လွဲမှားစွာတရားစီရင်ပုံ လူ့အခွင့်အရေး ကော်မရှင်ထောက်ပြ**

ဆဲဗင်းဒေး သတင်းဂျာနယ် သတင်းထောက် ကိုအောင်မြင့်ထွန်းကို ဖမ်းဆီးထောင်ချထားတဲ့အမှုမှာ ဖမ်းဆီးစဉ်က တမှုဖြစ်ပြီး၊ အပြစ်ပေးထောင်ချတဲ့အခါ အခြားအမှုတခု ဖြစ်နေကြောင်းနဲ့ သက်သေ အထောက်အထား ခိုင်လုံခြင်းမရှိပဲ အပြစ်ပေးထောင်ချတာဖြစ်ကြောင်း အာရှလူ့အခွင့်အရေး ကော်မရှင်က

---

ယခုဖေါ်ပြပါသတင်းများသည် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်း အချက်အလက်များနှင့် သတင်းဌာနများမှဖေါ်ပြသောသတင်းများကို နှိုင်းယှဉ်ကိုက်ညှိ၍ဖေါ်ပြထားခြင်းဖြစ်ပါသည်။ အခြေအနေများသည် အချိန်နှင့်အမျှပြောင်းလဲနေသောကြောင့် မျက်မှောက်အခြေအနေများကို နေ့စဉ်သတင်း စာမျက်နှာများတွင် ဖတ်ရှုခြင်းဖြင့်.သိရှိနိုင်ပါသည်။ အကယ်၍ ဤသတင်းမှတ်တမ်းစဉ်ကို ထပ်ဆင့်ဖြန့်ဝေလိုပါလျှင် မူလသတင်းဌာနများနှင့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်းများမှ မှီငြမ်းကြောင်း ဖေါ်ပြပေးပါရန်။

ဒီကနေ့မှာ ထုတ်ပြန်ကြေညာပြီး သတင်းထောက် ကိုအောင်ထွန်းမြင့်ကို ပြန်လွှတ်ပေးရမယ်လို့ တောင်းဆိုထားပါတယ်။ *09 April 2009 RFA*

## 08 April 2009

### ထိုက်သင့်ပြစ်ဒဏ် မဟုတ်သဖြင့် ဘလော့ဂါ ၂ ဦးကို လွှတ်ပေးရန် RSF တောင်းဆို

မြန်မာ ဘလော့ဂါများဖြစ်သည့် ကိုသူရ (ခေါ်) ကိုဇာဂနာနှင့် ကိုနေဘုန်းလတ်ကို ပြစ်ဒဏ်ပေးခဲ့ခြင်းသည် ထိုက်သင့်ပြစ်ဒဏ်များ မဟုတ်သဖြင့် ပြန်လွှတ်ပေးရန် နိုင်ငံတကာ သတင်းလွတ်လပ်ခွင့် အဖွဲ့တခုက ယနေ့ တောင်းဆိုသည်။ အင်တာနက်မှတဆင့် မိမိအမြင်များကို ရေးခဲ့သဖြင့် နှစ်ရှည်ထောင်ဒဏ် ကျခံနေရသူ ကိုဇာဂနာနှင့် အစိုးရကို နှောင့်ယှက်သည်ဟု စွပ်စွဲသည့် ဗီဒီယိုခွေ လက်ဝယ်တွေ့ရှိမှုဖြင့် နှစ်ရှည်ထောင်ဒဏ် ကျနေသူ ကိုနေဘုန်းလတ်တို့ကို ထိုက်သင့်သော ပြစ်ဒဏ်ပေးခြင်းမျိုး မဟုတ်သောကြောင့် ပြန်လွှတ်ပေးရန် မြန်မာစစ်အစိုးရနှင့် နိုင်ငံတကာသို့ ပြင်သစ်အခြေစိုက် နယ်စည်းမခြား သတင်းသမားများအဖွဲ့ (RSF) က တောင်းဆိုခြင်း ဖြစ်သည်။ "သူတို့ဟာ ဒီလို နှစ်ရှည်ထောင်ဒဏ် ချခံနိုင်လောက်တဲ့ အပြစ်ပေးခြင်းမျိုး မခံထိုက်ပါဘူး။ ဒါကြောင့် လွှတ်ပေးရမယ်" ဟု ယနေ့ထုတ် RSF ကြေညာချက်တွင် ဖော်ပြထားသည်။ *08 April 2009 mizzima*

# ဒေါ်အောင်ဆန်းစုကြည်

## 25 April 2009

### ဒေါ်စုအယူခံကို ဗိုလ်ချုပ်မှူးကြီးထံ စာတင်အသိပေးမည်

နေအိမ်အကျယ်ချုပ်ကျခံနေရတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အတွက် အယူခံကို အစိုးရအဆင့်က ကြားနာပေးခြင်းမရှိတဲ့အတွက် နအဖ အမြင့်ဆုံး အာဏာပိုင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ တင်ပြတော့မှာ ဖြစ်ပါတယ်။ ၆ နှစ်နီးပါး နေအိမ်အကျယ်ချုပ်ချခံထားရတဲ့ ဒေါ်အောင်ဆန်းစုကြည် အမှု အယူခံကို အစိုးရအဆင့်က ကြားနာပေးဖို့ ရှေ့နေ ဦးကြည်ဝင်းက ပြီးခဲ့တဲ့နှစ် အောက်တိုဘာ (၉) ရက်နေ့ကတည်းက နအဖ ဝန်ကြီးချုပ် ဗိုလ်ချုပ် သိန်းစိန်ထံ တင်ထားပြီးဖြစ်ပါတယ်။ *25 April 2009 DVB* , *27 April 2009 new era*

## 24 April 2009

---

ယခုဖော်ပြပါသတင်းများသည် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်း အချက်အလက်များနှင့် သတင်းဌာနများမှဖော်ပြသောသတင်းများကို နှိုင်းယှဉ်ကိုက်ညှိ၍ဖော်ပြထားခြင်းဖြစ်ပါသည်။ အခြေအနေများသည် အချိန်နှင့်အမျှပြောင်းလဲနေသောကြောင့် မျက်မှောက်အခြေအနေများကို နေ့စဉ်သတင်း စာမျက်နှာများတွင် ဖတ်ရှုခြင်းဖြင့်.သိရှိနိုင်ပါသည်။ အကယ်၍ ဤသတင်းမှတ်တမ်းစဉ်ကို ထပ်ဆင့်ဖြန့်ဝေလိုပါလျှင် မူလသတင်းဌာနများနှင့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်းများမှ မှီငြမ်းကြောင်း ဖော်ပြပေးပါရန်။

### ဒေါ်အောင်ဆန်းစုကြည် အကျယ်ချုပ်အမှု ဗိုလ်ချုပ်မှူးကြီးထံ တင်ရန်ရာထား

ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အကျယ်ချုပ်အမှု အယူခံကြားနာပေးရန် ဝန်ကြီးချုပ်ထံ ထပ်မံ မေတ္တာရပ်ခံ ခဲ့သော်လည်း အကြောင်းပြန်ကြားခြင်း မရှိသည့်အတွက် နအဖအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ တိုက်ရိုက်တင်ပြသွားရန် စဉ်းစားထားကြောင်း ရှေ့နေကြီး ဦးကြည်ဝင်းက ပြောသည်။ "အခု ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ် ချထားတဲ့ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးသောသူများ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေ ပုဒ်မ (၁၉) အရကိုက အရေးယူခံရသောသူသည် အရေးယူခံ ထားရသော ကာလအတွင်း အယူခံပိုင်ခွင့်ရှိတယ်ဆိုပြီး ပိုင်ခွင့်တရပ်အနေနဲ့ကို ပေးထားတာဗျ။ ဒါကိုအစိုးရအဖွဲ့က မကိုင်သေးဘူးဆိုတာ ချိုးဖောက်ရာ ရောက်မှာလေ။ ဒါကြောင့် ဗိုလ်ချုပ်မှူးကြီးဆီကို ကျနော်တို့ဆက်တင်ပြမယ်လို့ စဉ်းစားထားတယ်" ဟု ၎င်းက ပြောသည်။ *24 April 2009 new rea*

## 11 April 2009

### ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့်ရရန် ရှေ့နေ ဦးကြည်ဝင်း စာထပ်တင်

နေအိမ်အကျယ်ချုပ် ကျခံနေရတဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံခွင့်အတွက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်ဆီကို တတိယအကြိမ်မြောက်စာကို ဧပြီလ (၁၀) ရက်နေ့က ပေးပို့ခဲ့တယ်လို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ရှေ့နေ ဦးကြည်ဝင်းက ပြောပါတယ်။ အခုပေးပို့တဲ့စာမှာ တရားဥပဒေအရ ကြန့်ကြာမှုဖြစ်နေတဲ့ အချက်ကို ထောက်ပြသလို ဥပဒေကို ဥပက္ခာပြုနေတာ ဖြစ်ကြောင်း၊ လူတဦးရဲ့ ရပိုင်ခွင့်ကိုလည်း ထိပါးနေတာဖြစ်ကြောင်း ရေးသားထားပါတယ်။ *11 April 2009 RFA*

## 09 April 2009

### ဒေါ်စု လွှတ်ပေးရေး အယူခံ ထပ်မံတောင်းဆိုမည်

စစ်အစိုးရက နေအိမ်အကျယ်ချုပ် ချထားသော ဒေါ်အောင်ဆန်း စုကြည်၏ အယူခံလွှာ တင်ထားခြင်းနှင့် ပတ်သက်ပြီး ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်ထံသို့ ထပ်မံတောင်းဆိုမည် ဟု ရှေ့နေကြီး ဦးကြည်ဝင်းက ပြောသည်။ အဆိုပါ အယူခံလွှာနှင့် ပတ်သက်ပြီး ဒေါ်အောင်ဆန်း စုကြည်အား တွေ့ဆုံခွင့်ရရန် တောင်းဆိုသည့် စာတစောင်ကို ဗိုလ်ချုပ်ကြီး သိန်းစိန်ထံသို့

---

ယခုဖေါ်ပြပါသတင်းများသည် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်း အချက်အလက်များနှင့် သတင်းဌာနများမှဖေါ်ပြသောသတင်းများကို နှိုင်းယှဉ်ကိုက်ညှိ၍ဖေါ်ပြထားခြင်းဖြစ်ပါသည်။ အခြေအနေများသည် အချိန်နှင့်အမျှပြောင်းလဲနေသောကြောင့် များမှောက်အခြေအနေများကို နေ့စဉ်သတင်း စာမျက်နှာများတွင် ဖတ်ရှုခြင်းဖြင့်.သိရှိနိုင်ပါသည်။ အကယ်၍ ဤသတင်းမှတ်တမ်းစဉ်ကို ထပ်ဆင့်ဖြန့်ဝေလိုပါလျှင် မူလသတင်းဌာနများနှင့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်းများမှ မှီငြမ်းကြောင်း ဖေါ်ပြပေးပါရန်။

မနက်ဖြန်တွင် ပေးပို့တောင်းဆိုမည် ဖြစ်ကြောင်း ဦးကြည်ဝင်းက ဆိုသည်။ "ဟိုတုန်းကလည်း ကျနော် တို့တောင်းဆိုတာက ( ၁ ) အချက်က ကျနော်တို့ အယူခံတင်ပြီးပြီ ဆိုတဲ့အကြောင်း သတင်းပို့ဖို့၊ နံပါတ် ( ၂ ) က အဲဒီသတင်း ပို့ပြီးတဲ့အပြင် အယူခံကို အယူခံအဖွဲ့က ကြားနာခြင်း မပြုမီမှာ ကျနော်တို့ ဒေါ်အောင်ဆန်း စုကြည်ဆီက နေပြီးတော့ ညွှန်ကြားချက်များ ယူရန်ဆိုပြီးတော့ တွေ့ဖို့ရာ အဲဒီအကြောင်း( ၂ ) ချက် ပေါ့" ဟု ၎င်းက ဧရာဝတီသို့ ပြောသည်။ *09 April 2009 irrawaddy , 08 April 2009 DVB*

02 April 2009

## ဒေါ်အောင်ဆန်းစုကြည်ထံ မိသားစုဆရာဝန် ဒေါက်တာတင်မျိုးဝင်း သွားရောက်

နေအိမ်အကျယ်ချုပ် ကျခံနေရတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကျန်းမာရေးအခြေအနေ ကောင်းမွန် ကြောင်းနဲ့ မိသားစုဆရာဝန် ဒေါက်တာတင်မျိုးဝင်းနဲ့ လက်ထောက်ဖြစ်သူတို့ဟာ တက္ကသိုလ်ရိပ်သာလမ်း အမှတ် (၅၄) က ဒေါ်အောင်ဆန်းစုကြည်နေအိမ်ကို ဧပြီလ ၂ ရက်နေ့က ကြာသာပတေးနေ့မှာ သွားရောက်တွေ့ဆုံ တယ်လို့ သိရပါတယ်။05 April 2009 RFA , *05 April 2009 DVB*

02 April 2009

## ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်အမှု မေတ္တာရပ်ခံချက် ထပ်တင်မည်

နအဖဘက်က တစုံတရာအကြောင်းပြန်ကြားမှုမရှိသေးသော်လည်း ဝန်ကြီးချုပ်ထံ နှစ်ကူးနှုတ်ခွန်းဆက်စာ နှင့်အတူ ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်ချထားမှုကို ထပ်မံမေတ္တာရပ်ခံစာပေးပို့သွားမည်ဟု ရှေ့နေကြီး ဦးကြည်ဝင်းက ပြောသည်။ "သင်္ကြန်မတိုင်မီ နှစ်သစ်ကူးနှုတ်ခွန်းဆက်လွှာလည်း ဆက်ရင်းနဲ့ပေါ့။ ဝန်ကြီးအဖွဲ့ကိုထပ်ပြီး မေတ္တာရပ်ခံမယ်လို့ စဉ်းစားထားတယ်။ ကျနော်တို့မှာ တာဝန်ကလည်း ရှိတာကိုး။ ဒီတိုင်းထိုင်နေလို့မရဘူးလေ။ ကျနော်တို့တာဝန် ကျနော်တို့ ကျေအောင် ပေါ့ဗျာ။ စာတော့ ရေးလိုက်ဦးမယ်" ဟု ဦးကြည်ဝင်းက ပြောသည်။ အဆိုပါစာကို ဧပြီ (၈) ရက်တွင် ဝန်ကြီးချုပ်ရုံးထံလိပ်မူ၍ စာတိုက်မှတဆင့် ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။ ဝန်ကြီးချုပ်ထံ မေတ္တာရပ်ခံမှုကို မတ်လ (၁၃) ရက်နေ့က ပြုလုပ်ခဲ့သော်လည်း နအဖအစိုးရထံမှ အကြောင်း ပြန်ကြားမှု တစုံတရာမရှိခဲ့ပေ။ *02 April 2009 new era*

---

ယခုဖေါ်ပြပါသတင်းများသည် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်း အချက်အလက်များနှင့် သတင်းဌာနများမှဖေါ်ပြသောသတင်းများကို နှိုင်းယှဉ်ကိုက်ညှိ၍ဖေါ်ပြထားခြင်းဖြစ်ပါသည်။ အခြေအနေများသည် အချိန်နှင့်အမျှပြောင်းလဲနေသောကြောင့် မျက်မှောက်အခြေအနေများကို နေ့စဉ်သတင်း စာမျက်နှာများတွင် ဖတ်ရှုခြင်းဖြင့်.သိရှိနိုင်ပါသည်။ အကယ်၍ ဤသတင်းမှတ်တမ်းစဉ်ကို ထပ်ဆင့်ဖြန့်ဝေလိုပါလျှင် မူလသတင်းဌာနများနှင့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်းများမှ မှီငြမ်းကြောင်း ဖေါ်ပြပေးပါရန်။

## အလုပ်သမားအခွင့်အရေးလှုပ်ရှားသူများ

11 April 2009

မစုစုနွေးကျန်းမာရေးအတွက် ထောင်ထဲမှာဖုန်းထားပေး

ကလေးထောင်မှာ အကျဉ်းကျခံနေရတဲ့ လူ့အခွင့်အရေးလှုပ်ရှားသူ မစုစုနွေးဟာ ပြီးခဲ့တဲ့ မတ်လတုန်းက ထောင်ဆေးမှူးရဲ့ မှားယွင်းတဲ့ ဆေးကုသမှုဒဏ်ကြောင့် သတိလစ်ပြီး ထောင်ပြင်ဆေးခန်းအထိ ပြသခဲ့ရတာ ဖြစ်ပါတယ်။ မတ်လ ၁၆ ရက်နေ့က မစုစုနွေး သတိလစ်မေ့လျှောသွားတဲ့အထိ အစောင့်ဝန်ထမ်းတွေ အနားမှာမရှိတဲ့အတွက် အခုလောလောဆယ် မစုစုနွေးရဲ့ ကျန်းမာရေးအရ လိုအပ်တာနဲ့ ထောင်ပိုင်ရုံးကို အရေးပေါ် ဆက်သွယ်နိုင်အောင် အင်တာကွန်း ဖုန်းတလုံး စီစဉ်ပေးထားပါတယ်။ 11 April 2009 DVB

11 April 2009

### အထိန်းသိမ်းခံ FTUB အဖွဲ့ဝင်များနဲ့မိသားစုများပြန်လွှတ်

ပြီးခဲ့တဲ့ ဧပြီလ (၁) ရက်နေ့နဲ့ (၂) ရက်နေ့တွေက အာဏာပိုင်တွေက ဖမ်းဆီးသွားတဲ့ မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်ဝင်တွေဖြစ်တဲ့ ဦးဇော်မြင့်ဦး၊ ဦးစိုးဦး၊ ကိုထွန်းငြိမ်း၊ မရွှေရည်ညွန့်တို့ကို ဧပြီလ (၁၀) ရက်နေ့ကပြန်လွှတ်ပေးလိုက်ပါတယ်။ မရွှေရည်ညွန့်နဲ့အတူ မိသားစုဝင် သုံးဦးကို လည်းဖမ်းသွားပေမဲ့ ၎င်းရဲ့တူမဖြစ်သူ မရီမွန်ကိုတော့ အခုချိန်ထိ ပြန်လွှတ်မပေးဘဲ ဆက်လက်ထိန်းသိမ်းထားဆဲ ဖြစ်ပါတယ်။ *11 April 2009 RFA*

07 April 2009

### မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂအဖွဲ့ဝင် ၅ ဦး အဖမ်းခံရ

မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်အက်ဖ်တီယူဘီ အဖွဲ့ဝင် ၅ - ဦးကို အာဏာပိုင်တွေက ဖမ်းဆီးထားပါတယ်။ အဖမ်းခံရသူတွေကတော့ တောင်ဥက္ကလာပက ဦးဇော်မြင့်အောင်၊ ရွှေပြည်သာ အထည်ချုပ်စက်ရုံက ဦးစိုးဦး၊ လှိုင်သာယာ ရွှေနှင်းဆီအထည်ချုပ်စက်ရုံက ကိုထွန်းငြိမ်း၊ ယူအမ်အိတ်ချ် အထည်ချုပ်စက်ရုံက ကိုခိုင်လင်းမြတ်နဲ့ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်က ဥပဒေကျောင်းသူ

---

ယခုဖေါ်ပြပါသတင်းများသည် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်းအချက်အလက်များနှင့် သတင်းဌာနများမှဖေါ်ပြသောသတင်းများကို နှိုင်းယှဉ်ကိုက်ညှိ၍ဖေါ်ပြထားခြင်းဖြစ်ပါသည်။ အခြေအနေများသည် အချိန်နှင့်အမျှပြောင်းလဲနေသောကြောင့် မျက်မှောက်အခြေအနေများကို နေ့စဉ်သတင်းစာမျက်နှာများတွင် ဖတ်ရှုခြင်းဖြင့်သိရှိနိုင်ပါသည်။ အကယ်၍ ဤသတင်းမှတ်တမ်းစဉ်ကို ထပ်ဆင့်ဖြန့်ဝေလိုပါလျှင် မူလသတင်းဌာနများနှင့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်းများမှ မှီငြမ်းကြောင်း ဖေါ်ပြပေးပါရန်။

မခိုင်ရည်ညွန့်တို့ ဖြစ်ပြီး သူတို့ကိုပြန်လွှတ်ပေးဖို့ အက်ဖ်တီယူဘီက တောင်းဆိုထားပါတယ်။ 07 April 2009 DVB , 08 April 2009 mizzima

## ကျောင်းသားများ

09 April 2009

**ကျန်းမာရေးမကောင်းသော နိုင်ငံရေးအကျဉ်းသား ဆေးကုသခွင့်မရ**

ရခိုင်ပြည်နယ် ဘူးသီးတောင်ထောင်က ပုသိမ်တက္ကသိုလ် ကျောင်းသားသမဂ္ဂခေါင်းဆောင် တဦးဖြစ်တဲ့ ကိုပြည့်ဖြိုးလှိုင်ဟာ ထောင်တွင်းမှာ ကျန်းမာရေးအတော်လေး ဆိုးရွားနေပါတယ်။ ကိုပြည့်ဖြိုးလှိုင်ဟာ ၂၀၀၇ စက်တင်ဘာမှာ ဖမ်းဆီးထိန်းသိမ်းခံလိုက်ရပြီး လက်ရှိထောင်ဒဏ် ၂၄ နှစ်ချမှတ်ခံထားရပြီး ဘိုကလေးမြို့က ကျောင်းသားတဦးဖြစ်ပါတယ်။ *09 April 2009 RFA*

## တကိုယ်တော်နိုင်ငံရေးလှုပ်ရှားသူများ

29 April 2009

**တွံတေးမြို့နယ်မှ တကိုယ်တော် ဆန္ဒပြသူ ကျူရှင်ဆရာကို ထောင်ဒဏ် တနှစ်ချမှတ်**

၆၄ ကြိမ်မြောက် ဖက်ဆစ် တော်လှန်ရေးနေ့ဖြစ်တဲ့ မတ်လ (၂၇) ရက်နေ့က ရန်ကုန်တိုင်း တွံတေးမြို့မှာ တကိုယ်တော် ဆန္ဒထုတ်ဖော်ခဲ့တဲ့ ကျူရှင်ဆရာ ဦးအောင်ဖေကို ဒီကနေ့ ဧပြီလ (၂၉) ရက်နေ့ နေလည် ၁၂ နာရီမှာ တွံတေးမြို့နယ် တရားရုံးမှာ ရုံးထုတ်စစ်ဆေးခဲ့ပြီး ထောင်ဒဏ် တနှစ် ချမှတ်လိုက်ပါတယ်။ ဦးအောင်ဖေဟာ မတ်လ (၂၇) ရက်နေ့က သူ့ရဲ့အိမ်ရှေ့မှာ တကိုယ်တော် ဆန္ဒပြခဲ့တဲ့အတွက်

---

ယခုဖေါ်ပြပါသတင်းများသည် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်း အချက်အလက်များနှင့် သတင်းဌာနများမှဖေါ်ပြသောသတင်းများကို နှိုင်းယှဉ်ကိုက်ညှိ၍ဖေါ်ပြထားခြင်းဖြစ်ပါသည်။ အခြေအနေများသည် အချိန်နှင့်အမျှပြောင်းလဲနေသောကြောင့် မျက်မှောက်အခြေအနေများကို နေ့စဉ်သတင်း စာမျက်နှာများတွင် ဖတ်ရှုခြင်းဖြင့်.သိရှိနိုင်ပါသည်။ အကယ်၍ ဤသတင်းမှတ်တမ်းစဉ်ကို ထပ်ဆင့်ဖြန့်ဝေလိုပါလျှင် မူလသတင်းဌာနများနှင့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်းများမှ မှီငြမ်းကြောင်း ဖေါ်ပြပေးပါရန်။

နယ်မြေခံရဲတွေကဖမ်းဆီးပြီး ခြေချုပ်ဖောက်ဖျက်မှုနဲ့ ထောင်ဒဏ် တနှစ်ချမှတ်လိုက်တာ ဖြစ်ပါတယ်။ 29 April 2009 RFA , 29 April 2009 irrawaddy , 29 April 2009 mizzima , 29 April 2009 DVB

10 April 2009

## တကိုယ်တော်ဆန္ဒပြသူ ဆရာအောင်ဖေကို အမှုစတင်စစ်ဆေး

တော်လှန်ရေးနေ့က တကိုယ်တော်ဆန္ဒပြခဲ့သူ တွံတေးမြို့နယ်က ဆရာဦးအောင်ဖေကို ဒီနေ့မြို့နယ် တရားရုံးမှာ အမှုစတင်စစ်ဆေးနေတယ်လို့ မိသားစုဝင်တဦးက ပြောပါတယ်။ မတ်လ (၂၇) ရက် တော်လှန်ရေးနေ့က မြို့နယ်အဖွဲ့ချုပ်ရုံးရှေ့မှာ မတ်တပ်ရပ်ပြီး တကိုယ်တော် ဆန္ဒပြခဲ့တဲ့ ဆရာ ဦးအောင်ဖေကို ခြေချုပ်ပုဒ်မ ဖောက်ဖျက်မှုဥပဒေ ၃၀ မျဉ်းစောင်း ၁- ကနဲ့ တရားစွဲဆိုထားတာဖြစ်ပါတယ်။ တရားရုံးတွင်ၿငး၎င်းက "နိုင်ငံရေးအကျဉ်းသားတွေ ချွင်းချက်မရှိ ပြန်လွှတ်ပေးဖို့၊ နိုင်ငံရေးလှုပ်ရှားမှုတွေ အဆင်ပြေချောမွေ့စွာ လုပ်ဆောင်နိုင်ဖို့အတွက် ပိတ်ထားတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွေ ချို့ယွင်းချက်မရှိ ပြန်ဖွင့်ပေးဖို့ တောင်းဆိုတဲ့အကြောင်း ထွက်ဆိုသွားပါတယ်။ 10 April 2009 DVB

06 April 2009

## လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်သူကို စစ်တပ်က ပေါ်တာခေါ်

လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လွတ်လာသည့် အကျဉ်းသားကို ပြန်မလွှတ်ပေးဘဲ သထုံဝန်ဆောင် (ကန့်) သို့ ပို့ဆောင်စဉ် စစ်တပ်က ပေါ်တာခေါ်ယူသွားသဖြင့် မိသားစုများက အလွန်စိုးရိမ်နေလျှက်ရှိသည်။ စက်တင်ဘာသံဃာ့လှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့် ရခိုင်ပြည်နယ်၊ မာန်အောင်မြို့မှ ကိုဝင်းမောင်အား ကျောက်ဖြူထောင်တွင် အကျဉ်းကျနေရာမှ ပြီးခဲ့သည့် ဖေဖော်ဝါရီလတွင် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လွှတ်သည့်စာရင်းတွင် ပါသော်လည်း ပြန်လည်ရောက်ရှိလာခြင်းမရှိသည့်အတွက် ကျောက်ဖြူ ထောင်သို့ စုံစမ်းရာ ပေါ်တာပါသွားသည်ဟု ပြောဆိုလိုက်ကြောင်း ဇနီးဖြစ်သူ မရီရီဖြိုးက ပြောသည်။ "ကျောက်ဖြူအကျဉ်းထောင်ထဲက ကျမတို့ရပ်ကွက်ထဲက လူတယောက် ရောက်လာတယ်၊ သူက ကျမကိုတွေ့တော့ နင့်ယောကျ်ားလွတ်ပြီလို့ ပြောတယ်၊ ကျမ မယုံလို့ ကျောက်ဖြူထောင်ကို သွားမေးတော့ လွတ်ပြီလို့ပြောတယ်၊ အဲဒါနဲ့ စောင့်တာ တလနဲ့ရှစ်ရက်ကြာတယ်၊ မရောက်တဲ့ အခါကျတော့

ယခုဖေါ်ပြပါသတင်းများသည် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်း အချက်အလက်များနှင့် သတင်းဌာနများမှဖေါ်ပြသောသတင်းများကို နှိုင်းယှဉ်ကိုက်ညှိ၍ဖေါ်ပြထားခြင်းဖြစ်ပါသည်။ အခြေအနေများသည် အချိန်နှင့်အမျှပြောင်းလဲနေသောကြောင့် မျက်မှောက်အခြေအနေများကို နေ့စဉ်သတင်း စာမျက်နှာများတွင် ဖတ်ရှုခြင်းဖြင့်သိရှိနိုင်ပါသည်။ အကယ်၍ ဤသတင်းမှတ်တမ်းစဉ်ကို ထပ်ဆင့်ဖြန့်ဝေလိုပါလျှင် မူလသတင်းဌာနများနှင့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်းများမှ မှီငြမ်းကြောင်း ဖေါ်ပြပေးပါရန်။

ကျောက်ဖြူထောင်ဝန်ထမ်းက ဝင်းမောင်က နိုင်ငံတော်က လွှတ်လိုက်တာ မရောက်ဘူးဆိုတော့ သထုံကို ပို့လိုက်တယ်လို့ ပြောပါတယ်၊ သထုံထောင်ကို ဖုန်းလှမ်းဆက်တော့ ရှေ့တန်းကို ပေါ်တာပါသွားတယ်လို့ ပြောတယ်" ဟု ပြောသည်။ *06 April 2009 yoma 3*

## လူမျိုးစုများ

**24 April 2009**

### ရခိုင်ပြည်နယ်အမ်းမြို့နယ်တွင် သုံးဦးအဖမ်းခံရ

ရခိုင်ပြည်နယ် အမ်းမြို့နယ်တွင် ဧပြီလ (၂၄) ရက်နေ့က ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားလူငယ်များ ကွန်ဂရက်မှ ကိုအောင်ကျော်စိုးအပါအဝင် သုံးဦးဟာ အာဏာပိုင်တွေရဲ့ဖမ်းဆီးခြင်းကို ခံလိုက်ရတယ်လို့ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းက ယနေ့နေ့စွဲဖြင့် သတင်းထုတ်ပြန်လိုက်ပါတယ်။ *24 April 2009 AAPP*

**07 April 2009**

### ရှမ်းခေါင်းဆောင် ခွန်ထွန်းဦး ကျန်းမာရေးအခြေအနေ ဆိုးလာ

ကချင်ပြည်နယ် ပူတာအိုထောင်မှာ ထောင်ဒဏ် နှစ်ရှည်ကျခံနေရတဲ့ ရှမ်းအမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ခေါင်းဆောင် ဦးခွန်ထွန်းဦး နဂိုခံစားနေရတဲ့ ဆီးချို ၊ သွေးချို နဲ့သွေးတိုးရောဂါဟာ ပိုဆိုးလာသလို ထောင်အာဏာပိုင်တွေက ထိရောက်တဲ့ ကုသမှု မပေးဘူးလို့ပြောပါတယ်။ ဦးခွန်ထွန်းဦးဟာ အသက် ၆၆ နှစ်ရှိပြီး ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ (၉) ရက်နေမှာ အာဏာပိုင်တွေက အမျိုးသားညီလာခံကို ဆန့်ကျင်မှု ၊ နိုင်ငံတော်ပုန်ကန်မှု စတဲ့ ပုဒ်မတွေနဲ့ ထောင်ဒဏ် ၉၃ နှစ်ချမှတ်ခဲ့တာ ဖြစ်ပါတယ်။ 07 April 2009 DVB

## နိုင်ငံတကာနှင့်သက်ဆိုင်သောအမိကတိုးတက်မှုများ

**27 April 2009**

---

**စစ်အစိုးရအပေါ် ပိတ်ဆို့အရေးယူမှု အီးယူ တနှစ်သက်တမ်းတိုး**

အီးယူ ဥရောပသမဂ္ဂ နိုင်ငံခြားရေးဝန်ကြီးများအဆင့် ဒီကနေ့ အစည်းအဝေးကနေမြန်မာနိုင်ငံအပေါ် အီးယူရဲ့ အရေးယူဒဏ်ခတ်မှုကို နောက်တနှစ် သက်တမ်းတိုးဖို့ဆုံးဖြတ်လိုက်ပါတယ်။ ဒါပေမယ့် တဖက်မှာ မြန်မာစစ်အစိုးရနဲ့ တွေ့ဆုံဆွေးနွေးရေးအတွက် လမ်းဖွင့်ထားပြီး အီးယူက သတ်မှတ်ထားတဲ့ တိုးတက်ဖြစ်ထွန်းမှုအပေါ်မှာမူတည်ပြီး ဒီအရေးယူဒဏ်ခတ်မှုတွေကို ပြန်လည်သုံးသပ်ပြင်ဆင်မယ်လို့လည်း အီးယူ နိုင်ငံခြားရေးဝန်ကြီးတွေ ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါတယ်။ *27 April 2009 VOA*

**24 April 2009**

**မြန်မာကို အမေရိကန် ဆက်ပိတ်ဆို့ရေး ပညာရှင်တချို့ တိုက်တွန်း**

မြန်မာနိုင်ငံအပေါ်ထားရှိတဲ့ မူဝါဒအပေါ် အမေရိကန်ပြည်ထောင်စုက ပြည်လည်သုံးသပ်နေတာနဲ့ ပတ်သက်ပြီး ထောက်ခံကြိုဆိုပေမယ့်လည်း မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ စီးပွားရေး၊ လူမှုရေး အကျပ်အတည်း ပြဿနာတွေဟာ အမေရိကန်အပါအဝင် နိုင်ငံတကာက ပိတ်ဆို့ဒဏ်ခတ်အရေးယူထားတာကြောင့် မဟုတ်ဘဲ မြန်မာစစ်အစိုးရရဲ့ မှားယွင်းတဲ့ မူဝါဒတွေကြောင့် ဖြစ်တယ်လို့ ဧပြီလ (၂၃) ရက်က ကျင်းပခဲ့တဲ့ ဝါရှင်တန်ဒီစီမြို့တော် အမေရိကန် အောက်လွှတ်တော်မှာ လူ့အခွင့်အရေးကော်မရှင် လူထုကြားနာပွဲတခုမှာ စီးပွားရေးကျွမ်းကျင်သူတွေက ပြောဆိုခဲ့ပါတယ်။ မြန်မာစစ်အစိုးရအနေနဲ့ သူတို့ရဲ့လုပ်ရပ်တွေအတွက် အပြည့်အဝ တာဝန်ခံရမှာဖြစ်တယ်လို့လည်း ထောက်ပြခဲ့ပါတယ်။ *24 April 2009 VOA*

**22 April 2009**

**မြန်မာ့မူဝါဒ အမေရိကန် ပြန်သုံးသပ်မှု နိုဘယ်ဆုရှင် စိုးရိမ်**

မြန်မာနိုင်ငံအပေါ်ထားတဲ့ မူဝါဒကို အမေရိကန်အစိုးရက ပြန်လည်သုံးသပ်နေတာတွေနဲ့ ပတ်သက်ပြီး စိုးရိမ်မိတဲ့ အကြောင်း ၁၉၉၇ ခုနှစ် နိုဘယ်ငြိမ်းချမ်းရေးဆုရှင် ဂျိုဒီ ဝီလျံမ်စ် က ပြောဆိုပါတယ်။ အမေရိကန်ပြည်ထောင်စုအနေနဲ့ စစ်အစိုးရအပေါ် အရေးယူ ပိတ်ဆို့မှုတွေ ဆက်လက်ပြဋ္ဌာန်းဘို့လိုပြီး ကုလသမဂ္ဂအနေနဲ့လည်း အပြောထက် အလုပ်နဲ့ သက်သေပြဖို့ လိုတယ်လို့ ဆိုပါတယ်။ *22 April 2009 VOA*

**17 April 2009**

---

ယခုဖေါ်ပြပါသတင်းများသည် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်းအချက်အလက်များနှင့် သတင်းဌာနများမှဖေါ်ပြသောသတင်းများကို နှိုင်းယှဉ်ကိုက်ညှိ၍ဖေါ်ပြထားခြင်းဖြစ်ပါသည်။ အခြေအနေများသည် အချိန်နှင့်အမျှပြောင်းလဲနေသောကြောင့် မျက်မှောက်အခြေအနေများကို နေ့စဉ်သတင်းစာမျက်နှာများတွင် ဖတ်ရှုခြင်းဖြင့်.သိရှိနိုင်ပါသည်။ အကယ်၍ ဤသတင်းမှတ်တမ်းစဥ်ကို ထပ်ဆင့်ဖြန့်ဝေလိုပါလျှင် မူလသတင်းဌာနများနှင့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်းများမှ မှီငြမ်းကြောင်း ဖေါ်ပြပေးပါရန်။

## ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးဖို့ ဖိလစ်ပိုင်သမတ တိုက်တွန်း

အမျိုးသားရင်ကြားစေ့ရေး အရိပ်လက္ခဏာ တရပ်အနေနဲ့ မြန်မာဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်နဲ့ ထိန်းသိန်းထားရာက လာမဲ့လမှာ ပြန်လွှတ်ပေးဖို့ ဖိလစ်ပိုင်သမတ Gloria Arroyo က မြန်မာစစ်အစိုးရ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နဲ့ ပြီးခဲ့တဲ့ သီတင်းပတ်မှာ တွေ့ဆုံချိန်က ခုလိုမေတ္တာရပ်ခံလိုက်တာပါလို့ ဖိလစ်ပိုင်နိုင်ငံခြားရေး ဝန်ကြီးဌာနက ဧပြီလ (၁၇) ရက် ဒီနေ့ထုတ်ပြန်တဲ့ ကြေညာချက်မှာ ပါရှိပါတယ်။ ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ် သက်တမ်းဟာ လာမဲ့မေလမှာ ကုန်ဆုံးသွားချိန်မှာ သူမကို ပြန်လွှတ်ပေးခြင်းအားဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းမှာ မြန်မာနိုင်ငံအတွက် အလွန်အမင်း မျက်နှာပန်းလှစေမှာဖြစ်တယ်လို့ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ကြေညာချက်မှာ ပါရှိပါတယ်။ *17 April 2009 RFA* ,*17 April 2009 VOA* , *17*

**15 April 2009**

## ဒေါ်စုလွတ်ရေး ကုလအတွင်းရေးမှူးချုပ် အမေရိကန် အမတ်များနှင့် ရပ်တည်

အမေရိကန် အထက်လွှတ်တော် အမျိုးသမီး အမတ် ၁၀ ယောက်ထံက မြန်မာ စစ်အစိုးရအပေါ် တိုးပြီး ဖိအား ပေးဖို့တိုက်တွန်းတဲ့ စာတစောင် ရရှိတယ်လို့ ကုလသမဂ္ဂ မစ္စတာ ဘန်ကီမွန်းက ဆိုပါတယ်။ မြန်မာပြည်မှာ နေအိမ်အကျယ်ချုပ် အကျခံနေရတဲ့ အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အပေါ် အမေရိကန် အထက်လွှတ်တော် အမတ်များနည်းတူ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ကလည်း စိုးရိမ်ပူပန်ပါကြောင်း မြန်မာပြည်မှာ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးနဲ့ နိုင်ငံရေးအကျဉ်းသား အားလုံးလွတ်ရေး ဘန်ကီမွန်းက ဆက်လက်ဖိအားပေးသွားမယ်လို့ ကုသလမဂ္ဂ အတွင်းရေးမှူးချုပ်ရဲ့ ပြောခွင့်ရ ပုဂ္ဂိုလ် က ဗုဒ္ဓဟူးနေ့က ပြောသွားပါတယ်။ *15 April 2009 VOA*

**15 April 2009**

## စစ်အစိုးရကို ဖိအားပေးဖို့ အမျိုးသမီး အထက်လွှတ်တော်အမတ်တွေ ကုလကို တိုက်တွန်း

မြန်မာ့အရေးဆောင်ရွက်တဲ့ အထက်လွှတ်တော် အမျိုးသမီးအမတ်များ အဖွဲ့ထဲမှာ ပါဝင်ကြတဲ့ အဲဒီ အမျိုးသမီး ၁၀ - ယောက် က စစ်အစိုးရကို သူတို့စီစဉ်ထားတဲ့ ရွေးကောက်ပွဲ အစီအစဉ်များ ပယ်ဖျက်ပေးဖို့ လုပ်ဆောင်ပေးပါ၊ မြန်မာပြည်မှာ လူ့အခွင့်အရေး ချိုးဖောက်နေတာတွေ

---

ယခုဖေါ်ပြပါသတင်းများသည် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်း အချက်အလက်များနှင့် သတင်းဌာနများမှဖေါ်ပြသောသတင်းများကို နှိုင်းယှဉ်ကိုက်ညှိ၍ဖေါ်ပြထားခြင်းဖြစ်ပါသည်။ အခြေအနေများသည် အချိန်နှင့်အမျှပြောင်းလဲနေသောကြောင့် မျက်မှောက်အခြေအနေများကို နေ့စဉ်သတင်း စာမျက်နှာများတွင် ဖတ်ရှုခြင်းဖြင့်.သိရှိနိုင်ပါသည်။ အကယ်၍ ဤသတင်းမှတ်တမ်းစဉ်ကို ထပ်ဆင့်ဖြန့်ဝေလိုပါလျှင် မူလသတင်းဌာနများနှင့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်းများမှ မှီငြမ်းကြောင်း ဖေါ်ပြပေးပါရန်။

ရပ်သွားရေး၊ နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေး အကျဉ်းသားအားလုံး ချက်ချင်းလွှတ်ပေးရေး၊ စစ်အစိုးရကို ဖိအားပေး ဆောင်ရွက်ပေးပါလို့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်း (Ban Ki-moon) ထံ စာရေးတိုက်တွန်းခဲ့ပါတယ်။ အင်္ဂါနေ့မှာ ထုတ်ပြန်လိုက်တဲ့ အမေရိကန် အထက်လွှတ်တော် အမျိုးသမီးအမတ် ၁၀ ယောက်ရဲ့ စာထဲမှာ မြန်မာပြည်က စစ်ပွဲအကြောင်းပြု မုဒိမ်းကျင့်နေမှုများ ပပျောက်သွားဖို့ လိုအပ်ပုံကိုလည်း ထည့်သွင်း ထောက်ပြထားပါတယ်။ *15 April 2009 VOA* ,*16 April 2009 irrawaddy*

09 April 2009

### မြန်မာ့အရေး ကိုယ်စားလှယ်အဖွဲ့ ဖွဲ့ရန် အမေရိကန် အမတ်များ တောင်းဆို

အမေရိကန် ကွန်ဂရက်အမတ် ၁၇ - ဦးက စစ်အစိုးရ အုပ်ချုပ်ရာ မြန်မာနိုင်ငံသို့ စေလွှတ်မည့် အထူး ကိုယ်စားလှယ်အဖွဲ့ ခန့်အပ် ဖွဲ့စည်းရန်အတွက် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟယ်လာရီ ကလင်တန်ထံ စာရေးသား တောင်းဆိုခဲ့သည်။ "ကွန်ဂရက်အဖွဲ့ဝင် ၁၇ ယောက်က လက်မှတ်ရေးထိုး ပေးပို့တဲ့ စာတစောင်ကို ကျနော်တို့ ဌာနက မကြာသေးခင်ကပဲ လက်ခံရရှိခဲ့ပါတယ်" ဟု နိုင်ငံခြားရေးရာဌာနမှ ယာယီ ပြောခွင့်ရပုဂ္ဂိုလ် ရောဘတ်ဝုဒ်က ပြောသည်။ ပေးပို့စာသည် ဟယ်လာရီ ကလင်တန်သို့ လိပ်မူထားပြီး၊ မြန်မာပြည်ဆိုင်ရာ အထူးကိုယ်စားလှယ် အဖွဲ့တခု ခန့်အပ်ရန် တိုက်တွန်းထားသည်။ အမေရိကန်သည် မြန်မာပြည်ဆိုင်ရာ မူဝါဒကို ပြန်လည်သုံးသပ်နေကြောင်း အစောပိုင်းတုန်းက မစ္စကလင်တန်က ထုတ်ဖော်ပြောဆိုခဲ့သည်။ အမေရိကန် စီးပွားရေးပိတ်ဆို့ ဒဏ်ခတ်ရေး မူဝါဒသည် မြန်မာစစ်အစိုးရ၏ အမူအကျင့်ကို အပြောင်းအလဲ မဖြစ်စေခဲ့ကြောင်း ဝန်ခံခဲ့သလို၊ အိမ်နီးနားချင်း နိုင်ငံများ၏ အပြုသဘော ဆက်ဆံရေး မူဝါဒသည်လည်း တစုံတရာ အကျိုးဖြစ်ထွန်းမှု မရှိကြောင်း ထည့်သွင်းပြောဆိုခဲ့သည်။ *09 April 2009 mizzima*

07 April 2009

### ထိုင်းနိုင်ငံခြားရေးဝန်ကြီး ကေအန်ယူ ခေါင်းဆောင်တွေနဲ့တွေ့

မြန်မာစစ်အစိုးရနဲ့ လက်နက်ကိုင် တိုက်ခိုက်ဆဲဖြစ်တဲ့ ကေအန်ယူ ကရင်အမျိုးသားအစည်းအရုံး ခေါင်းဆောင်တွေဟာ ထိုင်းနိုင်ငံခြားရေးဝန်ကြီး ကဆစ်ပီရွမ်း (Kasit Piromya) နဲ့ တွေ့ဆုံပြီး မြန်မာစစ်အစိုးရနဲ့ တွေ့ဆုံဆွေးနွေးနိုင်ရေးကို ဆွေးနွေးခဲ့ကြပါတယ်။ "အဓိကကတော့ သူ မြန်မာပြည်ရောက်တယ်၊ နေပြည်တော်ထိ ရောက်တယ်ပေါ့ဗျာ။ အဲဒီမှာ နအဖဝန်ကြီးချုပ် သိန်းစိန်နဲ့

---

ယခုဖေါ်ပြပါသတင်းများသည် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်း အချက်အလက်များနှင့် သတင်းဌာနများမှဖေါ်ပြသောသတင်းများကို နှိုင်းယှဉ်ကိုက်ညှိ၍ဖေါ်ပြထားခြင်းဖြစ်ပါသည်။ အခြေအနေများသည် အချိန်နှင့်အမျှပြောင်းလဲနေသောကြောင့် မျက်မှောက်အခြေအနေများကို နေ့စဉ်သတင်း စာမျက်နှာများတွင် ဖတ်ရှုခြင်းဖြင့်သိရှိနိုင်ပါသည်။ အကယ်၍ ဤသတင်းမှတ်တမ်းစဉ်ကို ထပ်ဆင့်ဖြန့်ဝေလိုပါလျှင် မူလသတင်းဌာနများနှင့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်းများမှ မှီငြမ်းကြောင်း ဖေါ်ပြပေးပါရန်။

တွေ့တယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးလို့ ပြောတာပဲ၊ အဲဒီကိစ္စနဲ့ ကေအန်ယူနဲ့ တွေ့ပြီး စကားပြောချင်တယ်ပေါ့။ ကျနော်တို့ကတော့ ဒိုင်ယာလော့ဂ်ဆိုရင် အသင့်ပဲလို့။ ငြိမ်းချမ်းတဲ့နည်းနဲ့ ပြဿနာဖြေရှင်းရေးဆိုတာ ကျနော်တို့ အဆက်ဆက် ချခဲ့တဲ့လမ်းစဉ် ဖြစ်ပါတယ်။ ဒိုင်ယာလော့ဂ်က မှန်မှန်ကန်ကန်ဖြစ်ဖို့၊ နောက်ပြီးတော့ ယုံကြည်မှု တည်ဆောက် ဖို့၊ အဲဒါတွေ ရှိတယ်ပေါ့။"*07 April 2009 VOA* , *07 April 2009 irrawaddy* , *07 April 2009 mizzima*

06 April2 2009

## ပြည်ထောင်စု မြန်မာနိုင်ငံညွန့်ပေါင်းအစိုးရ အရှေ့တီမောခရီး

ပြည်ထောင်စု မြန်မာနိုင်ငံ ညွန့်ပေါင်းအစိုးရအဖွဲ့NCGUB ကို အရှေ့တီမော သမ္မတ ဟိုစေးရာမော့စ် ဟော်တာက ဖိတ်ကြားခဲ့လို့ ပြီးခဲ့တဲ့ ရက်ပိုင်းကပဲ ဒီလီမြို့တော်မှာ သွားရောက်တွေ့ဆုံခဲ့ပါတယ်။ အရှေ့တီမောမှာ NCGUB ရုံးခွဲဖွင့်ခွင့် ရရှိရေး အပါအဝင် လတ်တလော မြန်မာနိုင်ငံရေးနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြပါတယ်။ ***06 April 2009 BBC*** , ***05 April 2009 VOA***

04 April 2009

## မြန်မာအစိုးရက အပြုသဘောတုံ့ပြန်မှ ပိတ်ဆို့မှုရုပ်သိမ်းသင့်

အမေရိကန်အောက်လွှတ်တော်အမတ် ၁၇ ယောက်တို့က အမေရိကန် နိုင်ငံခြားရေးဝန်ကြီး Hilary Clinton ထံစာရေးပြီး တကယ်လို့ မြန်မာနိုင်ငံအပေါ် ဆက်ဆံရေးအသစ် ချမှတ်ရင် နိုင်ငံရေးအကျဉ်းသား အားလုံးပြန်လွှတ်ပေးရေး၊ သုံးပွင့်ဆိုင်ဆွေးနွေးရေး စတဲ့ အပြုသဘော ပြောင်းလဲမှုတွေ စစ်အစိုးရဖက်က လုပ်လာမှသာ ပိတ်ဆို့အရေးယူမှုတွေ ရုပ်သိမ်းပေးသင့်ပြီး၊ အမေရိကန်အစိုးရအနေနဲ့ မြန်မာစစ်အစိုးရပြုလုပ်မဲ့ ၂၀၁၀ ရွေးကောက်ပွဲကို အသိအမှတ် မပြုသင့်ဘူးလို့ အကြံပြုထားပါတယ်။ ***04 April 2009 BBC*** , ***04 April 2009 VOA*** ,***04 April 2009 DVB***

---

02 April 2009

## မြန်မာ့အရေး ၆ ပွင့်ဆိုင် ဆွေးနွေးရန် အမေရိကန် အဆိုပြု

မြန်မာ့အရေး ကြားဝင်ဖြေရှင်းရာတွင် မြောက်ကိုရီးယား နျူကလီးယား အရေးတွင် နိုင်ငံတကာ၏ ခြောက်ပွင့်ဆိုင် ညှိနှိုင်း ဆွေးနွေးသည့် နည်းလမ်းကို အသုံးပြုရန် စဉ်းစားနေသည်ဟု အမေရိကန် ပြည်ထောင်စုက ယမန်နေ့က ပြောကြားလိုက်သည်။ မြန်မာပြည် ပြဿနာ ဖြေရှင်းရာတွင် "အပြု သဘော ဆောင်ပြီး၊ ပူးပေါင်း ဆောင်ရွက်" သည့် ချဉ်းကပ်မှုမျိုးကို လိုလားသည်ဟု အမေရိကန် ဒုတိယ နိုင်ငံခြားရေးဝန်ကြီး ဂျင်စတိုင်းဘတ်က ဝါရှင်တန်မြို့ အမျိုးသား အာရှ ရေးရာ သုတေသန ဌာနတွင် ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲတခု၌ ပြောလိုက်ခြင်း ဖြစ်သည်။ "မြန်မာပြည်လို နာမည်ပျက်နေတဲ့ အစိုးရ နဲ့ ဆက်ဆံတဲ့အခါ ၂ ဘက်စလုံး အတွက် သုညပဲ အဖြေထွက်မယ်ဆိုရင် ဒီဆက်ဆံရေးမျိုးက ဘယ်နိုင်ငံကိုမှ အကျိုးရှိမှာမဟုတ်ပါဘူး" ဟု ဒုတိယနိုင်ငံခြားရေးဝန်ကြီးက ဆိုသည်။မြန်မာပြည်သားတို့၏ ဘဝ အခြေအနေများ ဖွံ့ဖြိုးရေး၊ ဒေသတွင်း တည်ငြိမ်မှု တိုးတက်စေရန် ဆောင်ရွက်ရေးတို့ အတွက် ဘုံ သဘောတူညီမှု တခုရရှိရန် အရှေ့တောင်အာရှနိုင်ငံများအသင်း၊ တရုတ်၊ အိန္ဒိယ၊ ဂျပန် စသည့် နိုင်ငံတို့နှင့် ဆွေးနွေး အဖြေရှာလိုသည်ဟုလည်း ပြောကြားလိုက်သည်။ *02 April 2009 irrawaddy , 02 April 2009 mizzima*

02 April 2009

## နိုင်ငံရေးအကျဉ်းသား လွှတ်ပေးရေး ဖိလစ်ပိုင် နိုင်ငံခြားရေးတိုင်တွန်း

အာဆီယံအဖွဲ့မှာ အသစ်ဖွဲ့စည်းလိုက်တဲ့ လူ့အခွင့်အရေးကောင်စီအနေနဲ့ သိက္ခာရှိရှိ လုပ်ဆောင်နေတာ ပေါ်လွင်စေဖို့နဲ့ မြန်မာနိုင်ငံမှာ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး လုပ်နေတယ်ဆိုတာပြသဖို့အတွက် မြန်မာနိုင်ငံတွင် ထိန်းသိမ်းထားတဲ့ နိုင်ငံရေးအကျဉ်းသားတွေ ပြန်လွှတ်ပေးသင့်တယ်လို့ ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး Rumulo က ဒီကနေ့မှာ ပြောလိုက်ပါတယ်။*02 April 2009 RFA*

---

ယခုဖေါ်ပြပါသတင်းများသည် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်း အချက်အလက်များနှင့် သတင်းဌာနများမှဖေါ်ပြသောသတင်းများကို နှိုင်းယှဉ်ကိုက်ညှိ၍ဖေါ်ပြထားခြင်းဖြစ်ပါသည်။ အခြေအနေများသည် အချိန်နှင့်အမျှပြောင်းလဲနေသောကြောင့် မျက်မှောက်အခြေအနေများကို နေ့စဉ်သတင်း စာမျက်နှာများတွင် ဖတ်ရှုခြင်းဖြင့်.သိရှိနိုင်ပါသည်။ အကယ်၍ ဤသတင်းမှတ်တမ်းစဉ်ကို ထပ်ဆင့်ဖြန့်ဝေလိုပါလျှင် မူလသတင်းဌာနများနှင့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်းများမှ မှီငြမ်းကြောင်း ဖေါ်ပြပေးပါရန်။

02 April 2009

## မြန်မာ့အရေး အမေရိကန်ဗျူဟာ အာရှနဲ့တပြေးညီချမှတ်လို

အမေရိကန်နိုင်ငံမှာ သမ္မတအသစ် ဘားရက်ခ် အိုဘားမား တက်လာပြီးနောက် မြန်မာပြည်အပေါ် ထားရှိတဲ့ နိုင်ငံခြားရေးမူဝါဒကို ပြန်လေ့လာ သုံးသပ်နေပါတယ်လို့ နိုင်ငံခြားရေးဌာနက သတင်းတွေ ထုတ်ပြန်ကြေညာခဲ့ပါတယ်။ အခုလို အချိန်မှာ အမေရိကန် ဒုတိယ နိုင်ငံခြားရေး ဝန်ကြီး ဂျင်စတိုင်းဘက် က မြန်မာနိုင်ငံပေါ်မှာ ပြန်လည် သုံးသပ်နေတဲ့ အမေရိကန်ရဲ့ ပေါ်လစီဟာ အာရှနိုင်ငံတွေ ထားရှိတဲ့ပေါ်လစီနဲ့ တပြေးညီ ရှိစေလိုပါတယ်လို့ အစည်းအဝေးတခုမှာ ဗုဒ္ဓဟူးနေ့က ပြောကြားသွားပါတယ်။ သမ္မတ အိုဘားမား အစိုးရက အရင် သမ္မတ ဘုရှ်လက်ထက်က ချထားခဲ့တဲ့ ဒဏ်ခတ် ပိတ်ဆို့မှုတွေဟာ ထိရောက်မှု မရှိသလို မြန်မာ အစိုးရနဲ့ ရင်းနှီးဆက်ဆံတဲ့ အာစီယံ နိုင်ငံတွေရဲ့ ပေါ်လစီဟာလည်း မြန်မာနိုင်ငံမှာ ဒီမိုကရေစီ ဖော်ဆောင်ရေးအတွက် ပြုပြင်ပြောင်းလဲဖို့ အောင်မြင်မှုမရှိတာကြောင့် မြန်မာနိုင်ငံပေါ်မှာ ထားရှိတဲ့ နိုင်ငံခြားရေး မူဝါဒကို ပြန်လည်သုံးသပ်နေတယ်လို့ ပြောခဲ့ပါတယ်။ *02 April 2009 VOA*

01 April 2009

## ကင်တားနားကို တနှစ်တာဝန်တိုးပေး စစ်အစိုးရကို ကုလရှုတ်ချ

ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ (၁၀) ကြိမ်မြောက် ပုံမှန်အစည်းအဝေးပြီးဆုံးသွားပြီးနောက် မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးကိုယ်စားလှယ် ကင်တားနားအား တာဝန်သက်တမ်း တနှစ် တိုးပေးလိုက်သည်။ မြန်မာပြည်သူများ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ စနစ်တကျ ချိုးဖောက်ခံနေရသည့် ကိစ္စနှင့်ပတ်သက်ပြီး ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ပြစ်တင်ရှုတ်ချလိုက်သည်။ မြန်မာစစ်အစိုးရကိုလည်း အကြမ်းဖက်ဖမ်းဆီးမှုများ အမြန်ဆုံးရပ်ပြီး နိုင်ငံရေးအကျဉ်းသားအားလုံးကိုလည်း ခြွင်းချက်မရှိ လွှတ်ပေးရန် တိုက်တွန်းလိုက်သည်။ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေများနှင့် ပတ်သက်သည့် မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး ကိုယ်စားလှယ် တောမတ်ကင်တားနား၏ အစီရင်ခံစာကို မတ်လ (၁၇) ရက် မနက်ပိုင်း၌ လူ့အခွင့်အရေးကောင်စီ၌ ဆွေးနွေးခဲ့ပြီးနောက် ကင်တားနားကို ယခုကဲ့သို့ မြန်မာနိုင်ငံအတွက် တနှစ်တိုးပြီး တာဝန်ပေးခဲ့ခြင်းဖြစ်သည်။ *01 April 2009 new era*

---

ယခုဖေါ်ပြပါသတင်းများသည် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်း အချက်အလက်များနှင့် သတင်းဌာနများမှဖေါ်ပြသောသတင်းများကို နှိုင်းယှဉ်ကိုက်ညှိ၍ဖေါ်ပြထားခြင်းဖြစ်ပါသည်။ အခြေအနေများသည် အချိန်နှင့်အမျှပြောင်းလဲနေသောကြောင့် မျက်မှောက်အခြေအနေများကို နေ့စဉ်သတင်း စာမျက်နှာများတွင် ဖတ်ရှုခြင်းဖြင့်.သိရှိနိုင်ပါသည်။ အကယ်၍ ဤသတင်းမှတ်တမ်းစဉ်ကို ထပ်ဆင့်ဖြန့်ဝေလိုပါလျှင် မူလသတင်းဌာနများနှင့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်းများမှ မှီငြမ်းကြောင်း ဖေါ်ပြပေးပါရန်။

# နာဂစ်မုန်တိုင်းဒုက္ခများအားကူညီစောင့်ရှောက်သူများ

27 April 2009

## လူရွှင်တော် ဇာဂနာ ထောင်ပြင်ထုတ်ဆေးစစ်ခွင့်ရ

ယနေ့မွန်းလွဲပိုင်းက သရုပ်ဆောင် ဒါရိုက်တာ မောင်သူရခေါ် လူရွှင်တော်ဇာဂနာကို မြစ်ကြီးနားအကျဉ်းထောင်မှ ထောင်ပြင်ဆေးရုံသို့ ထုတ်လာပြီး ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း မိသားစုဝင်တဦးက ပြောသည်။ မိသားစုဝင်တဦးက "မွန်းလွဲပိုင်းမှာ ထောင်ထဲကနေ ဗင်ကားတစီးနဲ့ မြစ်ကြီးနားဆေးရုံကို ခေါ်ထုတ်လာတယ်။ နောက် အထူးကုဆရာဝန်တွေနဲ့ ဆေးစစ်တာခံတယ်။ နောက် သိပ်မကြာဘူး။ ထောင်ထဲကို ပြန်ခေါ်သွားတယ်။ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ အဖြေကိုတော့ မကြာခင်သိရလိမ့်မယ်" ဟု ပြောသည်။ *27 April 2009 new era* , *28 April 2009 RFA* , *28 April 2009 mizzima*

23 April 2009

## နာဂစ်စေတနာ့ဝန်ထမ်း အမျိုးသမီးများအား နယ်ထောင်ပြောင်း

နာဂစ်မုန်တိုင်း ဒုက္ခသည် ကူညီနေတာကို စစ်အစိုးရက မတရားသင်းဆက်သွယ်မှု ပုဒ်မတွေနဲ့စွပ်စွဲပြီး ထောင်ချလိုက်တဲ့ မရင်ရင်ဝိုင်း၊ မနီမိုလှိုင်နဲ့ မတင်တင်ချိုတို့ကို ဒီလ (၂၂) ရက်နေ့မှာ အင်းစိန်ထောင်ကနေ နယ်ဝေးထောင်တွေကို ပြောင်းရွှေ့လိုက်ပါတယ်။ မရင်ရင်ဝိုင်းကို ရွှေဘိုထောင်၊ မနီမိုလှိုင်ကို သရက်ထောင်၊ မတင်တင်ချိုကို လားရှိုးထောင်တို့ကို ပြောင်းလိုက်တာဖြစ်ပါတယ်။ *23 April 2009 RFA* , *23 April 2009 DVB*

23 April 2009

## ဇာဂနာ ထောင်အတွင်း သတိလစ်

ဟာသသရုပ်ဆောင်၊ ဒါရိုက်တာ မောင်သူရခေါ် ဇာဂနာသည် ယခုလ (၁၆) ရက်၊ ည (၈) နာရီတွင် မြစ်ကြီးနားထောင်ထဲ၌ သတိလစ်သွားပြီး ည (၁၁) နာရီခန့်မှ သတိပြန်လည်လာကာ ယခုအခါ ကျန်းမာရေးအခြေအနေ ဆိုးဝါးနေကြောင်း ၎င်း၏မိသားစုနှင့် အထူးရင်းနှီးသော ခိုင်မာသည့်သတင်း

ယခုဖော်ပြပါသတင်းများသည် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်းအချက်အလက်များနှင့် သတင်းဌာနများမှဖော်ပြသောသတင်းများကို နှိုင်းယှဉ်ကိုက်ညှိ၍ဖော်ပြထားခြင်းဖြစ်ပါသည်။ အခြေအနေများသည် အချိန်နှင့်အမျှပြောင်းလဲနေသောကြောင့် မျက်မှောက်အခြေအနေများကို နေ့စဉ်သတင်းစာမျက်နှာများတွင် ဖတ်ရှုခြင်းဖြင့်.သိရှိနိုင်ပါသည်။ အကယ်၍ ဤသတင်းမှတ်တမ်းစဉ်ကို ထပ်ဆင့်ဖြန့်ဝေလိုပါလျှင် မူလသတင်းဌာနများနှင့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်းများမှ မှီငြမ်းကြောင်း ဖော်ပြပေးပါရန်။

ရပ်ကွက်မှ သိရသည်။ထိုသို့ သတိလစ်ပြီး (၂) ရက်အကြာတွင် ထောင်တွင်း၌ပင် ပြည်နယ်ဆရာဝန်ကြီးနှင့် ပြသခွင့်ရရှိပြီး အသည်းရောင် အသားဝါ ရောဂါဖြစ်နေသည်ကို သိရှိရကြောင်း ဇာဂနာအား သွားရောက်တွေ့ဆုံခဲ့သည့် ၎င်း၏မိသားစုဝင်တဦး၏ ပြောပြချက်ကို ကိုးကား၍ အဆိုပါသတင်းရပ်ကွက်မှ သိရှိရသည်။ 23 April 2009 new era , 23 April 2009 RFA , 23 April 2009 DVB , 24 April 2009 mizzima

10 April 2009

## မုန်တိုင်းကယ်ဆယ်ရေး စေတနာ့ဝန်ထမ်းများကို အထူးတရားရုံးက စီရင်ချက်ချ

နာဂစ်မုန်တိုင်းကြောင့် သေဆုံးသူတွေရဲ့အလောင်းတွေကို မီးသင်္ဂြိုလ်ရေးလုပ်ငန်းတွေ လုပ်ကိုင်ပေးခဲ့သူ ဒေါက်တာနေဝင်းပါ ခြောက်ဦးကို ဒီကနေ့အင်းစိန်ထောင်တရားရုံးက ထောင်ဒဏ် နှစ်နှစ်ကနေ လေးနှစ်အထိ အသီးသီး ချမှတ်လိုက်ပါတယ်။ သူတို့ကို အသင်းအဖွဲ့ပုဒ်မအပြင် ၈၈ ကျောင်းသားတွေရဲ့ လှုပ်ရှားမှုတွေကို အကူအညီပေးတဲ့အမှုတွေနဲ့ အပြစ်ပေးလိုက်တာ ဖြစ်ပါတယ်။ ဒေါက်တာနေဝင်း၊ ကိုဖုန်းပြည့်ကြွယ် နဲ့ကိုအောင်ကျော်ဆန်းတို့ကို ပုဒ်မ ( ၇ ) အရ ထောင်ဒဏ် နှစ်နှစ်စီ အပြစ်ပေးလိုက်ပြီး ဒေါက်တာနေဝင်းရဲ့သမီးဖြစ်သူ မဖြိုးဖြိုးအောင်အပါအဝင် ကိုအောင်သန့်ဇင်ဦးနဲ့ရှိန်းရာဇာထွန်းတို့ကိုတော့ အသင်းအဖွဲ့ပုဒ်မ ( ၆ ) အရ ထောင်ဒဏ်လေးနှစ်၊ ပုဒ်မ ( ၇ ) အရ နှစ်နှစ်၊ ပြစ်မှုနှစ်ရပ် တပေါင်းတည်း အပြစ်ဒဏ် လေးနှစ်စီ အသီးသီး အပြစ်ပေးလိုက်ပါတယ်။ 10 April 2009 RFA , 10 April 2009 mizzima

11 April 2009 RFA

03 April 2009

## မြစ်ကြီးနားထောင်မှ လူရွှင်တော် ဇာဂနာ ထောင်ဝင်စာ ငြင်းပယ်ခံရ

ပြီးခဲ့သည့် ဧပြီလ (၃) ရက်နေ့က မြစ်ကြီးနားမြို့ အကျဉ်းထောင်တွင် အကျဉ်းကျခံနေရသည့် သရုပ်ဆောင်၊ ဒါရိုက်တာ မောင်သူရ ခေါ် ဇာဂနာအား ထောင်ဝင်စာ သွားတွေ့သည့် ခယ်မဖြစ်သူ မငြိမ်းကို အဆိုပါအကျဉ်းထောင်က ထောင်ဝင်စာတွေ့ခွင့်မပေးကြောင်း အကျဉ်းဦးစီး ဝန်ထမ်း တဦးက ပြောသည်။ မြစ်ကြီးနား အကျဉ်းထောင်မှ ထောင်ဝန်ထမ်းတဦးက "မငြိမ်းက မြစ်ကြီးနားကို ဧပြီ (၃) ရက်နေ့မှာ ရောက်တယ်။ မြစ်ကြီးနားကို မလာခင် ရန်ကုန်ကတည်းက ကျနော်တို့ ထောင်ပိုင် ဦးလှရွှေကို တွေ့ခွင့်တောင်းပြီးမှ လာတာလို့ သိရတယ်။ အဲဒါ

ယခုဖေါ်ပြပါသတင်းများသည် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်း အချက်အလက်များနှင့် သတင်းဌာနများမှဖေါ်ပြသောသတင်းများကို နှိုင်းယှဉ်ကိုက်ညှိ၍ဖေါ်ပြထားခြင်းဖြစ်ပါသည်။ အခြေအနေများသည် အချိန်နှင့်အမျှပြောင်းလဲနေသောကြောင့် မျက်မှောက်အခြေအနေများကို နေ့စဉ်သတင်း စာမျက်နှာများတွင် ဖတ်ရှုခြင်းဖြင့်.သိရှိနိုင်ပါသည်။ အကယ်၍ ဤသတင်းမှတ်တမ်းစဉ်ကို ထပ်ဆင့်ဖြန့်ဝေလိုပါလျှင် မူလသတင်းဌာနများနှင့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်းများမှ မှီငြမ်းကြောင်း ဖေါ်ပြပေးပါရန်။

ဒီရောက်တော့ ထောင်ဝင်စာတွေထားတာ တလ မပြည့်သေးလို့ တွေ့ခွင့်မပေးဘူးဆိုပြီး ထောင်က ငြင်းလိုက်တယ်” ဟု ပြောသည်။ *07 April 2009 new era* , *09 Apil 2009 RFA*

ယခုဖေါ်ပြပါသတင်းများသည် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်း အချက်အလက်များနှင့် သတင်းဌာနများမှဖေါ်ပြသောသတင်းများကို နှိုင်းယှဉ်ကိုက်ညှိ၍ဖေါ်ပြထားခြင်းဖြစ်ပါသည်။ အခြေအနေများသည် အချိန်နှင့်အမျှပြောင်းလဲနေသောကြောင့် မျက်မှောက်အခြေအနေများကို နေ့စဉ်သတင်း စာမျက်နှာများတွင် ဖတ်ရှုခြင်းဖြင့်.သိရှိနိုင်ပါသည်။ အကယ်၍ ဤသတင်းမှတ်တမ်းစဉ်ကို ထပ်ဆင့်ဖြန့်ဝေလိုပါလျှင် မူလသတင်းဌာနများနှင့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ မှတ်တမ်းများမှ မှီငြမ်းကြောင်း ဖေါ်ပြပေးပါရန်။